မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၃၁၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ အင်္ဂါနေ့။

သမဝါယမအသင်းများသည် တောင်သူလယ်သမားများကို ငွေထုတ်ချေးပေးရုံ သက်သက်သာမဟုတ်ဘဲ ကြိတ်ခွဲ ရောင်းချသည့်အဆင့်အထိ စီမံ ဆောင်ရွက်ပေးသွားရန် လိုအပ်

မပျင်းမရိဘဲ စိုက်ပျိုးမွေးမြူမည်ဆိုလျှင် မိသားစုတစ်စုလုံး အလုပ်အကိုင်ရရှိနိုင်သည့်အပြင် စားဝတ်နေရေး ပြည့်စုံဖူလုံနိုင်

နေပြည်တော် ဩဂုတ် ၁၉

"ပဒေသာပင်ကတော့ ပေါက်လာစရာအကြောင်းမရှိပါကြောင်း၊ ကိုယ့်အားကိုယ်ကိုးပြီးအလုပ်လုပ်ကြမှ ဝမ်းဝ၊ ခါးလှကြမည်ဖြစ်ပါကြောင်း၊ အလုပ်မလုပ်ဘဲ ရေသာခို အချောင်လိုက်စားနေကြလျှင် တစ်နေ့တွင်ဆင်းရဲမွဲတေမှုဖြင့်သာ ပြန်ပြီးသံသရာလည်နေကြရဦးမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်လုပ်ကြရန်လိုပါကြောင်း၊ ဥပဒေနှင့် ညီညွတ်သော မည်သည့်အလုပ်မဆို ရှက်စရာ၊ ကြောက်စရာ မရှိပါကြောင်း၊ ဂုဏ်ရှိပါကြောင်း" ဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားတွင် ပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါအခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သမဝါယမအသင်းများမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေမြို့ပြနေ အခြေခံပြည်သူများအတွက် သမဝါယမအသင်းများက အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည့် မော်တော်ဆိုင်ကယ်များကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဟန်ဂေရီအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၁၃ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာ ယာနော့စ်အာဒါ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ အော်ဘန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ယနေ့

မာတိကာ

တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့် — စာမျက်နှာ-၄

ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲ ကျင်းပမည် — စာမျက်နှာ-၅

ဆောက်သမ်ပတန်က အီတလီတိုက်စစ်မှူးကို ပေါင်၁၅သန်းဖြင့်ခေါ်ယူ လေးနှစ်စာချုပ် — စာမျက်နှာ-၁၄

ရန်ကုန်-ပုသိမ် ရထားလမ်းပြီးစီးရန် ဆောင်ရွက်နေ

သတင်းဆောင်းပါး ➤ မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ ➤ တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၉

စီးပွားရေးမြို့တော် ရန်ကုန်မှ ဧရာဝတီတိုင်းဒေသကြီးသို့ အဓိက ထွက်ပေါက်၊ ဝင်ပေါက်တစ်ခုမှာ လှိုင်သာယာမြို့နယ်ဖြစ်သည်။ စီးပွားရေး အခြေခံကောင်းများတည်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြို့တော် ပုသိမ်နှင့် ရန်ကုန်မြို့တို့ကို ဆက်သွယ်မည့် ရထားလမ်းကို မြန်မာ့မီးရထားက ဖောက်လုပ်နေပြီဖြစ်ရာ အချို့အစိတ်အပိုင်း အများအပြားပြီးစီးနေပြီ ဖြစ်သည်။

ရန်ကုန်-ပုသိမ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဇန်နဝါရီလမှ စတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အပိုင်းနှစ်ပိုင်းခွဲကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းအပိုင်း နှစ်ပိုင်း အနက်တစ်ပိုင်းမှာ ရန်ကုန် (လှိုင်သာယာ)- ဧရာဝတီတံတား (ညောင်တုန်း)လမ်းပိုင်းဖြစ်ပြီး အရှည် ၄၀ ဒသမ ၃၄ မိုင်ဖြစ်သည်။

ဒုတိယအပိုင်းမှာ ဧရာဝတီတံတား (ညောင်တုန်း) - ပုသိမ် (ဘဲဂရက်) လမ်းပိုင်းဖြစ်ပြီး အရှည် ၅၇ ဒသမ ၆၆ မိုင်ဖြစ်သည်။ထို့ကြောင့် ရန်ကုန်- ပုသိမ် ရထားလမ်းအရှည်မှာ စုစုပေါင်း ၉၈ ဒသမ ၀၀ မိုင်ရှိသည်။ ရန်ကုန် (လှိုင်သာယာ) - ဧရာဝတီတံတား (ညောင်တုန်း)လမ်းပိုင်းကို မြန်မာ့မီးရထားမှ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ဧရာဝတီတံတား (ညောင်တုန်း)-ပုသိမ် (ဘဲဂရက်) လမ်းပိုင်းကို စီမံကိန်းအင်ဂျင်နီယာ ဦးဇော်ရဲမြင့်က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

ရန်ကုန်(လှိုင်သာယာ)-ဧရာဝတီတံတား (ညောင်တုန်း) လမ်းပိုင်း ဖြတ်သန်းသွားသည့် မြို့နယ်များမှာ လှိုင်သာယာ၊ ထန်းတပင်နှင့်ညောင်တုန်းမြို့နယ်များဖြစ်သည်။ ယင်းလမ်းပိုင်းသည် ခရီးမိုင် ၄၀ ဒသမ ၃၄ မိုင်ရှိပြီး သံလမ်းမိုင် ၄၄ ဒသမ ၂၂ မိုင်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သိပ္ပံနည်းကျစိုက်ပျိုး စပါးအထွက်တိုး

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် စပါးအဓိကစိုက်ပျိုးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏အဓိက စီးပွားရေးမောင်းနှင်အား (Driving Engine) မှာလည်း လယ်ယာကဏ္ဍဖြစ်သည်။ ဤလယ်ယာကဏ္ဍတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသည် အရေးပါဆုံးဖြစ်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးလျက်ရှိသည်။ စပါးကို ရှေးယခင်က တစ်နှစ်တစ်ကြိမ်သာ စိုက်ပျိုးခဲ့ရာမှ မိုးစပါးနှင့် နွေစပါးဟူ၍ နှစ်ကြိမ်စိုက်ပျိုးလာနိုင်သဖြင့် ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။

ဤသို့ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပတင်ပို့မှု တစ်နှစ်ထက်တစ်နှစ် မြင့်မားလာရန်ကား စပါးတစ်ဧက အထွက်နှုန်းကောင်းအောင် သိပ္ပံနည်းကျ ပြောင်းလဲစိုက်ပျိုးသွားရန် အမှန်တကယ် လိုအပ်နေပြီဖြစ်သည်။ စိုက်ပျိုးသော လယ်မြေဧကတိုင်းသည် သိပ္ပံနည်းကျစိုက်ပျိုးပြီး စပါးအထွက်တိုးပါမှ တောင်သူလယ်သမားတို့၏ ဝင်ငွေစီးပွား တိုးပွားလာမည် ဖြစ်သည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များ တစ်နိုင်ငံလုံး ပျံ့နှံ့အောင် ကျေးရွာများ အရောက် အကောင်အထည်ဖော်ရေး တိုက်တွန်းနှိုးဆော်ထားပြီဖြစ်ပါသည်။ ယခုဩဂုတ် ၁၅ ရက်မှစတင်ပြီး တောင်သူလယ်သမားရုပ်သံလိုင်း စမ်းသပ်ထုတ်လွှင့်ရာတွင် စိုက်ပျိုးရေးပညာရှင်များက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ထုတ်လွှင့်ပြသလျက်ရှိသည်။ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက မည်သည့် စပါးမျိုးမဆို တစ်ဧကလျှင် ၁၀ ရာခိုင်နှုန်း ပိုမိုထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်မြို့နယ်ပေါင်း ၃၃၀၊ ကျေးရွာပေါင်း ၆၄၁၃၄ ရွာရှိရာ ကျေးရွာအလိုက် ၁၀ ဧက တစ်ဆက်တစ်စပ်တည်းရှိသော သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စံနမူနာပြစိုက်ကွင်းများကို အများမြင်သာသည့် လမ်းဆုံလမ်းခွနေရာများတွင် စိုက်ပျိုးပြသအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အစိုးရတာဝန်ရှိသူများအနေဖြင့်လည်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ မြို့နယ်တိုင်း၊ ကျေးရွာတိုင်း ပျံ့နှံ့ရောက်ရှိစေရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။

သို့ပါ၍ စပါးတစ်ဧကအထွက်တိုးရေး ဆောင်ရွက်ချက်သည် နိုင်ငံ့စီးပွားမြှင့်တင်ခြင်းဖြစ်သကဲ့သို့ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့်အဝန်း ကျေးရွာတိုင်း ကျေးရွာတိုင်း စပါးတစ်ဧက အထွက်နှုန်းကောင်းစေဖို့ သိပ္ပံနည်းကျစိုက်ပျိုးသွားကြရန် တိုက်တွန်းလိုက်ရပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၁၉

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

လူမှုဝန်ထမ်းကျောင်းများနှင့် ဌာနများ ဒုတိယဝန်ကြီး စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်ရှိ အမျိုးသမီးများစောင့်ရှောက်ရေးဌာန (Center for Women Care- C.W.C) သို့ သွားရောက်၍ သင်တန်းသူများ၏ အိပ်ဆောင်များ၊ အသက်မွေးမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဓာတ်ပုံ)**

ထို့မှတစ်ဆင့် ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားအိပ်ဆောင်များ၊ သက်မွေးမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေထိုင်းအားကစားနည်းနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၁၉

မွေထိုင်းအားကစားနည်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မွေထိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အာရှမွေထိုင်းအဖွဲ့ချုပ်အတွင်းရေးမှူး၊ အာရှနှင့် အရှေ့တောင်အာရှ မွေထိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အရှေ့တောင်အာရှနိုင်ငံ ခြောက်နိုင်ငံမှ မွေထိုင်းအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးကြသည်။ အစည်းအဝေးတွင် မွေထိုင်းအားကစားနည်း ကျင်းပရေးနှင့် ပတ်သက်၍ IFMA (အပြည်ပြည်ဆိုင်ရာ မွေထိုင်းအဖွဲ့ချုပ်)နှင့် အာရှနှင့် အရှေ့တောင်အာရှမွေထိုင်းအဖွဲ့ချုပ် (AMF /SEAMF) တို့အနေဖြင့် ဆုံးဖြတ်ရမည့်ကိစ္စများကို ဩဂုတ် ၂၆ ရက် နောက်ဆုံးထား၍ သင့်တော်သော ဆုံးဖြတ်ချက်ပေးရန် သဘောတူကြသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ မွေထိုင်းအဖွဲ့ချုပ် (IFMA) ဥက္ကဋ္ဌ အနေဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မွေအားကစားနည်း ထည့်သွင်းကျင်းပရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် IFMA တို့ ဆွေးနွေးညှိနှိုင်းသဘောတူပြီးဖြစ်ကြောင်း တရားမဝင် သတင်းထုတ်ပြန်ခဲ့ခြင်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် အတည်မပြုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆားလင်းကြီးမြို့က မြို့ရှောင်လမ်း ကွယ်ပျောက်မှာစိုး

ထင်သာမြင်သာ ပြုပြင်စေရာ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့အမှတ်(၁)ရပ်ကွက် လမ်းဆုံမှ အမှတ်(၃)ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း အရှေ့ဘက် ညောင်ပင်အိုင်တောရသို့ သွားသောလမ်းအရောက် အကွာအဝေးအားဖြင့် တစ်မိုင်ခြောက်ဖာလုံခန့်ရှိသော အဆိုပါ မြို့ရှောင်လမ်းသည် အောက်အမာခံကျောက်ခင်း၍ အပေါ်ယံ ဂျင်းမြေဖုံး၍ လမ်းကြိတ်စက်ဖြင့် စနစ်တကျ ဖောက်လုပ်ပေးခဲ့သော မြို့ရှောင်လမ်းဖြစ်ပါသည်။ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ အကြောင်းအမျိုးမျိုးကြောင့် လာကြရာဝယ် ၎င်းမြို့ရှောင်လမ်းမှ ယခင်က သွားရလာရသောကြောင့် များစွာအဆင်ပြေချောမွေ့ခဲ့ပါသည်။ ယခုနောက်ပိုင်း လမ်းပေါက်ပြဲ၍ အောက်ခံကျောက်ကြီးများ များစွာပေါ်လာပြီး ကန္တာရပင်များ အများအပြား နေရာယူပေါက်ရောက်လာခြင်းကြောင့် မြို့ရှောင်လမ်းမှာ ပျောက်ကွယ်လုနီးပါး ဖြစ်နေသည်။

၎င်းမြို့ပတ်လမ်းမှာ ပျက်စီးယိုယွင်း၍ အသုံးပြုသူမရှိသောအခါ မြို့ပေါ်ရပ်ကွက်များပေါ်ရှိ ကတ္တရာလမ်းများပေါ်သို့ နွားလှည်းများ မောင်းနှင်၍ ဥဒဟိုသွားလာမောင်းနှင်နေကြသောကြောင့် ကတ္တရာလမ်းများပျက်စီးခြင်းဖြစ်ပေါ်စေသလို ရုံးဆင်း၊ ရုံးတက်၊ ကျောင်းသွား၊ ကျောင်းပြန်၊ ခရီးသွားပြည်သူ၊ ဈေးရောင်းဈေးဝယ်လာကြသော အများပြည်သူတို့မှာ ၎င်းနွားလှည်းကို ရှောင်တိမ်းကြရခြင်း၊ နွားလှည်းဖြတ်မောင်းနေစဉ် ရပ်တန့်ပေးရခြင်းကြောင့် တစ်ဦးတစ်ယောက်အတွက်နှင့် အများပြည်သူတို့မှာ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်နေကြရသည်။ ၎င်းမြို့ပတ်လမ်းသည် ယခင်အစိုးရလက်ထက်က နိုင်ငံတော်ငွေများစွာဖြင့် အကုန်အကျခံ၍ ဖောက်လုပ်ခင်းပေးထားသော လမ်းဖြစ်သည်ကိုလည်း သိရှိရသည်။ ယခုလို ငွေပေါင်းများစွာ အကုန်အကျခံ ဖောက်လုပ်ပေးထားခဲ့သော အဆိုပါ မြို့ရှောင်လမ်းကို တာဝန်ရှိသူများအနေဖြင့် သင့်လျော်သောအချိန်အခါဝယ် ပြန်လည်ပြုပြင်ပေးနိုင်ပါက အများပြည်သူတို့ပိုမို၍ သွားလာရေးလွယ်ကူမည်ဖြစ်ကြောင်း ဒေသခံအချို့က ဆိုသည်။ မြို့ရှောင်လမ်းကို ပြုပြင်ပေးလိုက်ပါက မြို့ပေါ်ရပ်ကွက်များပေါ်သို့ မောင်းနှင်နေကြသော နွားလှည်းများကြောင့် ဖြစ်ပေါ်လာမည့် ကတ္တရာလမ်းများ ပျက်စီးခြင်းမှ ကာကွယ်ရာရောက်သလို ပြည်သူတို့ ဖြတ်သန်းသွားလာကြသောအခါ ကြန့်ကြာမှုများမရှိနိုင်တော့ပေ။ ကတ္တရာလမ်းများ မပျက်စီးစေရေးအတွက်လည်းကောင်း၊ မြို့ပေါ် ရပ်ကွက်လမ်းများပေါ်နှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက် သွားလာနေကြသော ပြည်သူတို့ ယာဉ်အန္တရာယ် မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် လည်းကောင်း၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြသောပြည်သူတို့သွားရေး၊ လာရေး အဆင်ပြေစေရန်အတွက် လည်းကောင်း ဆားလင်းကြီးမြို့ မြို့ရှောင်လမ်းကို သင့်လျော်သောအချိန်တွင် ပြုပြင်ဆောင်ရွက်ပေး စေလိုပါကြောင်း ဒေသခံပြည်သူတို့၏ဆန္ဒကို ရေးသားဖော်ပြအပ်ပါသည်။

ဦးငယ်(ဆားလင်းကြီး)

သာသနာရေးဆိုင်ရာ၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

သာသနာရေးဆိုင်ရာ၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမွေ့ သဘင်၌ကျင်းပရာ ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** အလိုတော်ပြည့် ဆရာတော် ဒေါက်တာဘဒ္ဒန္တ အရိယာဝံသထံမှ ဩဝါဒကထာနာယူကြသည်။ ထို့နောက် ဆရာတော်သံဃာတော်များမှ သာသနာရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးနှင့် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာများလျှောက်ထားရာ မြန်မာ့ယဉ်ကျေးမှုဓလေ့များသည် ဗုဒ္ဓယဉ်ကျေးမှုမှ ဆင်းသက်လာသည့်အလျောက် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ လူနေမှုစနစ်ကို မင်္ဂလာတရားတော်နှင့်အညီ အေးချမ်းစွာနေထိုင်ခဲ့ကြကြောင်း၊ အမျိုးသားရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ ပညာရေး၊ ဥပဒေ စသည့် စည်းခုနစ်စည်းများဖြင့် မိမိတို့လေထု၊ မြေထု၊ ရေထု၊ လူထုကို ထိန်းသိမ်းရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒနှင့်ရည်မှန်းချက်တာဝန်များ၊ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုများ၊ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်အဖွဲ့များ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးများကို မျှမျှတတဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်နေမှုများကို ရှင်းလင်းလျှောက်ထားကြသည်။ ထို့နောက် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ နိုင်ငံတော် သမ္မတရုံးအကြံပေး ဦးအုံ့မောင်တို့က ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာများကို ရှင်းလင်းလျှောက်ထားကြသည်။

ယင်းနောက် ဆရာတော်ကြီးများက သိရှိလိုသည်များမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးတို့က ရှင်းလင်းလျှောက်ထားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❀ *ရှေ့ဖုံးမှ*

ဘူတာပေါင်း ခြောက်ဘူတာရှိရာ ယင်းတို့မှာ လှိုင်သာယာ၊ ရေစို၊ မဲဇလီ၊ ဆားမလောက်၊ ညောင်တုန်းနှင့် ရှမ်းစုဘူတာတို့ ဖြစ်သည်။

လှိုင်သာယာ ဘူတာကြီးသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းရထားလမ်းဆုံးနေရာလည်းဖြစ်ပြီး မော်လမြိုင် ဘူတာကြီး၏ နှစ်ထပ်အဆောက်အအုံပုံစံကို လျာထားတည်ဆောက်နေခြင်းဖြစ်သည်။ ယခု ဘဏ္ဍာရေးနှစ်အတွင်း ပထမအဆင့်အနေဖြင့် အလျား ပေ ၁၂၀၊ အနံ ပေ ၅၀ ရှိသည့် တစ်ထပ်အဆောက်အအုံသာ ဆောင်ရွက်ထားခြင်းဖြစ်ပြီး ဘူတာတည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

လှိုင်သာယာဘူတာကြီး၏ ဘူတာပလက်ဖောင်း၊ စင်္ကြံများ၊ ခရီးသည်နားနေဆောင်များ၊ ဘူတာအဝင်လမ်းများမှာ ဆောင်ရွက်နေဆဲဖြစ်သည်။ လာမည့်ပွင့်လင်းရာသီတွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ ယခုလမ်းပိုင်းတွင် ရထားသံလမ်း အချောခင်းခြင်းမှာ ရထားလမ်းအရှည် ၁၃ မိုင်ကျော် ပြီးစီးနေပြီဖြစ်ပြီး သံလမ်းအကြမ်းခင်းခြင်းမှာ အရှည် ၂၆ မိုင်ကျော် ပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်(လှိုင်သာယာ)-ဧရာဝတီတံတား(ညောင်တုန်း)လမ်းပိုင်းတွင် တံတားကြီး၊ တံတားငယ်ပေါင်း ၁၀၆ စင်းတည်ဆောက်ခဲ့ရာ တံတားများအားလုံးပြီးစီးခဲ့ပြီဖြစ်သည်။ အဆိုပါတံတားများတွင် ပေ ၄၀ အောက် တံတား ၁၀၁ စင်း၊ ပေ ၄၀နှင့် အထက်တံတားနှစ်စင်း၊ ပေ ၁၈၀ နှင့်အထက် တံတားကြီးသုံးစင်းတို့ ပါဝင်သည်။

ပေ ၁၈၀ နှင့်အထက်ရထားလမ်းကူးတံတားကြီးသုံးစင်းမှာ မဲဇလီတံတား၊ ပန်းလှိုင်တံတား၊ ထိပ်ဝကြီးတံတားတို့ဖြစ်သည်။ ယင်းတံတားအားလုံးမှာ ရာနှုန်းပြည့် တည်ဆောက်ပြီးဖြစ်သည်။

ရန်ကုန်(လှိုင်သာယာ)-ဧရာဝတီတံတား(ညောင်တုန်း)လမ်းပိုင်း စီမံကိန်းတွင်ပါဝင်သော မြေကြီးလုပ်ငန်းများမှာလည်း ၉၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ထို့အတူ တာပေါင်လုပ်ငန်းမှာလည်း ၉၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထို့ကြောင့် ၎င်းရထားလမ်းပိုင်းတွင် ကျန်ရှိသည့်လုပ်ငန်းပိုင်းများကို သတ်မှတ်ချိန်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ရန်ကုန်-ပုသိမ် ရထားလမ်းစီမံကိန်းသည် မကြာမီပြည်သူအကျိုးပြု ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်ပစ္စည်း သယ်ဆောင်ရေးတို့တွင် ထိရောက်စွာ ကူညီဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန်(လှိုင်သာယာ)-ဧရာဝတီတံတား (ညောင်တုန်း) သံလမ်းအချောခင်းခြင်းပြီးစီးမှုကိုတွေ့ရစဉ်။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၁၃ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယာနေ့ာ့စ်မာတန်ရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ သတင်းမီဒီယာဥပဒေကြမ်းနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေး သဘောတူညီမှုများရရှိ

နေပြည်တော် ဩဂုတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ ၁၂-၈-၂၀၁၃ ရက်နေ့ တွေ့ဆုံဆွေးနွေးရာတွင် သဘောထားကွဲလွဲမှုများနှင့် အခြားဆွေးနွေးရန်ရှိသည်များကို စေ့စပ်ညှိနှိုင်းဆွေးနွေးသောနည်းဖြင့် ဆက်လက်ဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက် ၁/၂၀၁၃ ဖြင့် ဩဂုတ် ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းသဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်ဦးစီးသော တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးစီးသောအဖွဲ့တို့သည် ရန်ကုန်မြို့ ယုဇနတာဝါရှိ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ရုံးခန်းတွင် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ရေးဆွဲတင်သွင်းမည့် သတင်းမီဒီယာဥပဒေကြမ်းအပေါ် နှစ်ဖက်ကြား သဘောထားကွဲလွဲချက် ၁၇ ချက်နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် သဘောထားကွဲလွဲနေသည့် (၁၄)ချက်အား နှစ်ဖက်ညှိနှိုင်းဆွေးနွေးသဘောတူညီချက်ရရှိခဲ့ပြီး ကျန်ရှိနေသည့် အချက်သုံးချက်အပေါ် လွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရေကြီး၊ သေဆုံးသူ ၅၄ ဦးထိရှိ

ပေကျင်း သြဂုတ် ၁၉

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ဖူကျန်မြို့၌ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံရေလွှမ်းမှုဖြစ်ပေါ်ခဲ့ပြီး ပြီးခဲ့သည့် သြဂုတ် ၁၈ ရက် နံနက်ပိုင်းက ဒေသဆိုင်ရာအာဏာပိုင်များ အဆိုအရ သေဆုံးသူ ဦးရေ ၅၄ ဦးထိရှိသွားပြီဟု ဆင်ဟွာသတင်းတွင်ဖော်ပြခဲ့သည်။

မြစ်ရေကြီးမှုဖြစ်

လျောင်နင်း ပြည်နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုများမှာ ပြီးခဲ့သည့် သြဂုတ် ၁၅ ရက်မှ သြဂုတ် ၁၈ ရက်အထိ ဖြစ်ပေါ်ခဲ့ပြီး ဖူကျန်မြို့ရှိ မြစ်များတွင် ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း လျောင်နင်းပြည်နယ်ဒေသရှိ တာဝန်ရှိသူများက ဆိုသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ ရေလွှမ်းမိုးကြုံခဲ့ရပြီး မီးရထား၊ ကားသွားလာရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ယင်းကဲ့သို့ ရေကြီး ရေလွှမ်းမှုများကို တရုတ်နိုင်ငံရှိ လျောင်နင်းပြည်နယ်၊ ကျီကျန်းပြည်နယ်၊ ဟေလောင်ကျန်ပြည်နယ်တို့၌ အဓိက ခံစားခဲ့ကြရသည်ဟု သိရသည်။

(ဆင်ဟွာ)

အလုပ်သမား ၇၀၀၀ နီးပါးရှိ အိမ်သုံးပစ္စည်းကုမ္ပဏီ အီဂျစ်တွင် လုံခြုံရေးတည်ငြိမ်မှ ပြန်ဖွင့်မည်

စတော့ဟုမ်း သြဂုတ် ၁၉

ကမ္ဘာ့ဒုတိယအကြီးဆုံး အိမ်သုံးပစ္စည်းထုတ်လုပ်သည့် အီလက်ထရိုလပ်အမည်ရှိသော ကုမ္ပဏီသည် အီဂျစ်နိုင်ငံလုံခြုံရေး တည်ငြိမ်လာသည့်တိုင်အောင် ၎င်း၏စက်ရုံကို ပိတ်ထားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက သြဂုတ် ၁၈ ရက်တွင် ထုတ်ဖော်ကြေညာလိုက်သည်။

အီလက်ထရိုလပ် ကုမ္ပဏီသည် အီဂျစ်နိုင်ငံ၌ အလုပ်သမား ၇၀၀၀ နီးပါးကို အလုပ်အကိုင်များပေးထားသည်။

အီဂျစ်နိုင်ငံအတွင်း ၎င်းကုမ္ပဏီက ငါးရက်ကြာ ထုတ်လုပ်မှု ရပ်ဆိုင်းထားသည်။ သို့သော်လည်း နိုင်ငံရေးတည်ငြိမ်ပါမှ ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ဆွီဒင်အခြေစိုက် ၎င်းကုမ္ပဏီက ပြောသည်။

သေဆုံးခဲ့

အီဂျစ်နိုင်ငံတွင် စစ်တပ်ကျောထောက်နောက်ခံပြုသော အစိုးရက ဖြုတ်ချခံရသော အီဂျစ်သမ္မတ မော်စီ ထောက်ခံသူများအား ဖြိုခွင်းခဲ့သည့် လေးရက်အတွင်း လူပေါင်း ၇၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

(ရိုက်တာ)

တောင်အာဖရိကလယ်သမားများ သီးနှံဆည်ရေပေးသွင်းရာတွင် ပိုးမွှားအဆိပ်အတောက် ညစ်ညမ်းလွန်အဆင့်ရှိ မြစ်ရေများသုံးစွဲနေ

ကိတ်တောင်း သြဂုတ် ၁၉

တောင်အာဖရိက လယ်သမားများသည် ကောက်ပဲသီးနှံများသို့ ဆည်ရေပေးသွင်းရာတွင် ကျန်းမာရေးအန္တရာယ်ကိုသာမက အစားအစာကုန်သွယ်ထုတ်လုပ်သော တိုင်းပြည်၏ဂုဏ်သတင်းကိုတန်ဖိုးထား ထည့်တွက်ခြင်းမရှိဘဲ ညစ်ညမ်းလွန်းသော ရေများ ပေးသွင်းလျက်ရှိကြောင်း တိုင်းမ်စလမ်သတင်းစာက ဖော်ပြသည်။

တိုက်ရိုက်ပေးသွင်း

တောင်အာဖရိကနိုင်ငံအတွင်းရှိ မြစ်ရေသည် သီးနှံဆည်ရေပေးဝေရာတွင် ညစ်ညမ်းလွန်အဆင့်ရှိနေကြောင်း၊ သို့ရာတွင် လယ်သမားများက ဂရုစိုက်ခြင်းမရှိဘဲ ပိုးမွှားအဆိပ်အတောက်မကင်းသော မြစ်ရေများကို ပြုပြင်ခြင်းမရှိဘဲ တိုက်ရိုက်ပေးသွင်းသောရေကို လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုလျက်ရှိကြောင်း ယင်းသတင်းအရ သိရသည်။

တောင်အာဖရိက မြစ်များရှိ ရေတွင်ပါဝင်သော အီကိုလီ ဗက်တီးရီးယားအဆင့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် တောင်အာဖရိက ရေအရင်းအမြစ် ဌာနခွင့်ပြုပမာဏထက် အဆ ၁၀၀၀၀ ကျော် ပျော်ဝင်လျက်ရှိနေကြောင်း ယင်းသတင်းက ဆိုသည်။

ထိုသို့ ပိုးမွှားမသန့်စင်မှု မြင့်မားလွန်းနေကြောင်း တွေ့ရှိခဲ့သည်မှာ ၂၀၀၇ ခုနှစ်အတွင်း ကိတ်တောင်းမြို့အနီးရှိ စတဲလ်လန်ဘို့စ်တက္ကသိုလ်နှင့် အမျိုးသား ရေအရင်းအမြစ်ကော်မရှင်တို့ ပူးတွဲသုတေသနပြုဆောင်ရွက်ချက်အရ သိရှိခဲ့ရခြင်းဖြစ်သည်။

(ဆင်ဟွာ)

အိန္ဒိယနိုင်ငံ၌ ခရီးသွားများကို ရထားဝင်တိုက်၍ ၁၅ ဦးသေဆုံး

ဘီဟာ သြဂုတ် ၁၉

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ခရီးသည်တင်အမြန်ရထားတစ်စင်း လမ်းဆုံတစ်ခုကို ဖြတ်ကျော်ခုတ်မောင်းစဉ် လူအုပ်ကို ဝင်တိုက်ခဲ့သဖြင့် အနည်းဆုံးလူ ၁၅ ဦးသေဆုံးသွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခရီးသည်အများစုမှာ ဟိန္ဒူဘုရားဖူးများဖြစ်ကြသည်။ ၎င်းတို့သည် ဒါမာရာဂတ်ဘူတာ၌ ရထားတစ်စင်းမှ ဆင်းလာပြီး ဆာဟာဆာခရိုင်ရှိ ဘုရားကျောင်းသို့အသွား ရထားတိုက်ခံရခြင်းဖြစ်သည်။

ယင်းတို့အား ဆန့်ကျင်ဘက်လမ်းကြောင်းမှ ခုတ်မောင်းလာသော ရာဂျာရာနီအမြန်ရထားက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ဒေါသထွက်နေသော လူအုပ်ကြီးက မီးရထားစက်ခေါင်းမောင်းများအား ဝိုင်းရိုက်ခဲ့သည်ဟုဆိုသည်။ ရထားတိုက်မှုဖြစ်စဉ်အတွင်းမှ ဒဏ်ရာရသူများအား အမြန်ဆုံး ကယ်တင်ပေးလျက်ရှိကြောင်း ရထားတိုက်ရာနေရာသို့ ရောက်ရှိလာသော မီးရထားတာဝန်ရှိသူ အာရမ်မာလစ်က ပြောသည်။

(ဘီဘီစီ)

တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်

ဆိုးလ် သြဂုတ် ၁၉

တောင်ကိုရီးယားနှင့်အမေရိကန်တို့သည် သြဂုတ် ၁၉ ရက်က ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းစစ်ရေး လေ့ကျင့်မှုသည် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။

ကွန်ပျူတာ အကူအညီများပါသော အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ထောင်ပေါင်းများစွာသော စစ်သားများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယခင်စစ်ရေး လေ့ကျင့်မှုတွင် မြောက်ကိုရီးယားက ဒေါသထွက်ခဲ့ကြောင်း၊ ယခုအကြိမ်တွင် ကောင်းစွာ အသိအမှတ်ပြုခဲ့ကြောင်း တောင်ကိုရီးယားကပြောကြားသည်။

မြောက်ကိုရီးယားက တောင်ကိုရီးယားနှင့် ကေဆောင်စက်မှုဇုန် ပြန်ဖွင့်ရေး သဘောတူညီမှုနှင့်အတူ စာချုပ် နိုင်ခဲ့ပြီး မိသားစုပြန်လည်ပေါင်းစည်းရန်လည်း သဘောတူထားသည်။

ထိုအချိန်တွင် ပူးတွဲစစ်ရေး လေ့ကျင့်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

၁၂ ရက်ကြာပြုလုပ်

၎င်းစစ်ရေး လေ့ကျင့်မှုကို အာချီလွတ်မြောက်ရေး ဂါဒီယန်ဟု အမည်ပေးထားပြီး ၁၂ ရက်ကြာ ပြုလုပ်မည်ဟု မျှော်လင့်ရသည်။ ယင်းပူးတွဲစစ်ရေး လေ့ကျင့်မှုတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၅၀၀၀၀ နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ပါဝင်ကြောင်း ယွန်ဟတ်သတင်းစာက ဖော်ပြသည်။

(ဘီဘီစီ)

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း) အမှတ်- ၁-၃ တွင် တည်ရှိသော **Premium Distribution Co.,Ltd.** သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်- ၇၆၆၉/ ၂၀၁၃

Premium Distribution Co.,Ltd. သည် အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသား ကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်- ၇၆၆၉/ ၂၀၁၃ ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီး အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို အသုံးပြု၍ ဟိုတယ်၊ စားသောက်ဆိုင်နှင့် **Bakery** ဆိုင်သုံးစားသောက်ကုန်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့သို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားသည် **Premium Distribution Co.,Ltd.** မှ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲသော ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားဖြစ်ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှလည်းကောင်း (သို့မဟုတ်) လူအများမှလည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှလည်းကောင်း ထပ်တူထပ်မျှ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ပုံတူပုံမှား သံတူကြောင်းကွဲ တုပပြုလုပ်သုံးစွဲခွင့်မရှိပါကြောင်းနှင့် အကယ်၍ တုပပြုလုပ်သုံးစွဲခဲ့လျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူနိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၁-၃၅၀၀၀။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း) အမှတ်- ၁-၃ တွင် တည်ရှိသော **Premium Food Service Products Co.,Ltd.** သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်- ၇၆၆၅/ ၂၀၁၃

Premium Food Service Products Co.,Ltd. သည် အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်- ၇၆၆၅/ ၂၀၁၃ ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီး အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို အသုံးပြု၍ ဟိုတယ်၊ စားသောက်ဆိုင်နှင့် **Bakery** ဆိုင်သုံးစားသောက်ကုန်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့သို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိသည့်အပြင် အရောင်းဝန်ဆောင်မှုပေးလျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားသည် **Premium Food Service Products Co.,Ltd.** မှ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲသော ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားဖြစ်ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှလည်းကောင်း (သို့မဟုတ်) လူအများမှလည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှလည်းကောင်း ထပ်တူထပ်မျှ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ပုံတူပုံမှား သံတူကြောင်းကွဲ တုပပြုလုပ်သုံးစွဲခွင့်မရှိပါကြောင်းနှင့် အကယ်၍ တုပပြုလုပ်သုံးစွဲခဲ့လျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူနိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၁-၃၅၀၀၀။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာရရှိကြသူများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်

နိုင်ငံတော်သမ္မတကိုယ်စား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခံရသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတော်သမ္မတသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများကို မူဝါဒများချမှတ်၍ ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ပူးပေါင်း ပါဝင်ဆောင်ရွက်နေကြသည့်အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းဖြစ်ပြီး ယနေ့အခမ်းအနား၌ နိုင်ငံတော်သမ္မတကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်ပွဲ အခမ်းအနား၌ ပြောကြားသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသော အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများတွင် ဆက်လက်လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါရန်နှင့် မိမိတို့နယ်ပယ်ဒေသအလိုက် စံနမူနာပြဦးဆောင်သွားကြပါရန်၊ မိမိတို့လုပ်ဖော်ကိုင်ဖက်များ တိုးပွားလာအောင်စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်များ ပွားများအောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန်နှင့် နိုင်ငံတော်၏အကျိုး၊ တိုင်းဒေသကြီးအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်ကြ စေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတကိုယ်စား တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခံရသော အသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

လွန်ခဲ့တဲ့ အနှစ်သုံးဆယ်နီးပါးက ဌာနအလိုက် လုပ်ပိုင်ခွင့်တွေ၊ မြေကွက်တွေ၊ ဆိုင်ခန်းတွေရတာမျိုး ကြုံခဲ့ရပေမယ့် အနှစ်သုံးဆယ်လုံးလုံး ဒီအခွင့်အရေးတွေ မရခဲ့ပါဘူး။ အခုတော့ ဝန်ထမ်းတွေ ရောင်ခြည်သန်းလာခဲ့ပြီ” ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၌ အလုပ်လုပ်ကိုင်နေသူ လုပ်သက်ရင့် ဝန်ထမ်းတစ်ဦးကလည်း ဆိုသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ရေးဆောင်ရွက်လျက်ရှိပြီးတည်ဆောက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလွှဲပြောင်းကာ ရောင်းချရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

“အထပ်မြင့် အဆောက်အအုံတွေ တည်ဆောက်မှာပါ။ ၁၈ ထပ်ပါဝင်မှာဖြစ်ပြီး အဓိကကတော့ လုပ်သက်ရင့်နိုင်ငံ့ဝန်ထမ်းတွေကို ဦးစားပေးပြီး အရစ်ကျစနစ်နဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ စတင်အကောင်အထည်ဖော်နေပြီး စုစုပေါင်းအခန်း အရေအတွက် နှစ်သောင်းရောင်းချနိုင်မယ်” ဟု တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

အဆိုပါ တန်ဖိုးသင့်အိမ်ရာ တစ်ခန်းကို ကျပ်သိန်း ၂၀၀ ဝန်းကျင်ခန့် လျာထားပြီး လက်ရှိတွင် ဧရာဝဏ်နှင့် ရတနာဝဏ်အိမ်ရာ စီမံကိန်းများစတင် တည်ဆောက်လျက်ရှိကာ ဆက်လက်၍ အဆောက်အအုံပေါင်း ၄၈ လုံးခန့်တည်ဆောက်မည်ဖြစ်သည်။

“တစ်ခန်းကို သိန်း ၂၀၀လောက်လို့ ကြားပါတယ်။ ဒါဆိုရင် အရစ်ကျပေးတဲ့အခါ ဘယ်လိုသွင်းရမလဲ ဆိုတာကို သိထားချင်ပါတယ်။ ဥပမာပြောရရင် ကျွန်တော့်လစာက စုစုပေါင်းမှ တစ်သိန်းဝန်းကျင်ပဲရတယ်။ လုပ်သက်ကတော့ ၁၈နှစ်ရှိပြီး အမှုထမ်းပေါ့။ အရစ်ကျဆပ်မယ်ဆိုရင် တစ်လကို အများဆုံး ငါးသောင်းဝန်းကျင်ပဲဆပ်နိုင်မှာ။ စားသောက်စရိတ်ကလည်း ချန်ရဦးမယ်။ တစ်နှစ်ကို ခြောက်သိန်းနဲ့ နောက်ထပ်အနှစ်သုံးဆယ်ကျော်လုပ်ပြီး အခန်းဖိုးဆပ်ဖို့ ခွင့်ပြုပါ့မလား ဆိုတာစဉ်းစားမိတယ်။ ကျွန်တော့်အထင် ပြောရရင်တော့ ရမယ့်ဝန်ထမ်းတွေ အမှန်တကယ်နေထိုင်နိုင်မလား၊ ပြန်ရောင်းစားမလားဆိုတာ စဉ်းစားစရာပဲ” ဟု ပြန်ကြားရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း လက်ရှိ 10 KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

နေပြည်တော် ဩဂုတ် ၁၉

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အဖြစ် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)တို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ဩဂုတ် ၂၁ ရက်မှ ၃၁ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် လွှင့်စက် 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို စစ်ကိုင်းရုပ်သံစက်ရုံမှ မိုင်၂၀ ဝန်းကျင်ဝေးသော (ကျောက်ဆည်၊ မြင်းမူ၊ မတ္တရာ)မြို့များအထိသာ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 10 KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော မိုင်၂၀ ကျော်နေရာများမှာ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများကျင်းပမည်

၁။ ၂၀၁၃ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်-

(က) **ပထမအသုတ်**

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်းပို့ချမည့်ရက်	စာမေးပွဲကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ် တတိယနှစ်	သိပ္ပံအထူးပြုအားလုံး		၃. ၁၀. ၂၀၁၃မှ ၉. ၁၀. ၂၀၁၃ထိ

(ခ) **ဒုတိယအသုတ်**

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်းပို့ချမည့်ရက်	စာမေးပွဲကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်	အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ	၁၂. ၁၀. ၂၀၁၃မှ ၂၂. ၁၀. ၂၀၁၃ထိ	၂၅. ၁၀. ၂၀၁၃မှ ၁. ၁၁. ၂၀၁၃ထိ
၂။	စတုတ္ထနှစ်	ဥပဒေပညာ	၁၂. ၁၀. ၂၀၁၃မှ ၂၂. ၁၀. ၂၀၁၃ထိ	၂၅. ၁၀. ၂၀၁၃မှ ၁. ၁၁. ၂၀၁၃ထိ

(ဂ) **တတိယအသုတ်**

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်းပို့ချမည့်ရက်	စာမေးပွဲကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်	မြန်မာစာ၊ မြန်မာမှု၊ ရုသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊အိမ်တွင်းစီးပွား၊ စီးပွားစီမံ	၆. ၁၁. ၂၀၁၃မှ ၁၅. ၁၁. ၂၀၁၃ထိ	၁၈. ၁၁. ၂၀၁၃မှ ၂၅. ၁၁. ၂၀၁၃ထိ

အသေးစိတ် အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ဌာနခွဲ အသီးသီးတို့၌လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ဌာနခွဲ အသီးသီးတို့၌လည်းကောင်း၊ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်
မန္တလေးအဝေးသင်တက္ကသိုလ်

လားရှိုးနှင့်မူဆယ်မြို့တွင် ဘိန်းဖြူများဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၁၉

ယမန်နေ့နံနက်၄နာရီခွဲက ရှမ်းပြည်နယ် လားရှိုး(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် လားရှိုးဘူတာအဝင်လမ်းမပေါ်၌ လမ်းလျှောက်လာသူ လားရှိုးမြို့ ကုန်းညောင်းကျေးရွာနေ မနန်းခါး(၅၀ နှစ်)နှင့် လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၄)နေ မနူးနူးဆိုင် (ခ)ဘောက်နူး(၄၆ နှစ်)တို့ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၄၄ ခွက် စုစုပေါင်းအလေးချိန် ၅၂၈ ဂရမ် တန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၃၂ သိန်း သိမ်းဆည်းရမိသဖြင့် လားရှိုးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် မူဆယ်(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ ကားလေးကွင်းအနီး၌ မူဆယ်မြို့ စယ်လန့်အုပ်စု ဆိုင်ကောက်ကျေးရွာနေ သီသီအောင်(ခ)မာထု (၃၅ နှစ်)ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက် စုစုပေါင်းအလေးချိန် ၁၂၀ ဂရမ် တန်ဖိုးငွေကျပ် ၂၄ သိန်းကို သိမ်းဆည်းရမိသဖြင့် မူဆယ်မြို့မရဲစခန်း ၌ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(ယာပုံ)**

(သတင်းစဉ်)

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ခြင်း၊ နိုင်ငံကြီးသားပီသစွာ အားပေးခြင်းဖြင့် နိုင်ငံဂုဏ်ကို မြှင့်တင်ကြပါစို့

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပရန် တဖြည်းဖြည်း နီးကပ်လာနေပြီ။ ရက်အားဖြင့် ၁၂၀ ဝန်းကျင် ခန့်သာ လိုပါတော့သည်။ ပြိုင်ပွဲကြီးအား (၄၄) နှစ်ကြာမှ တစ်ကြိမ်ပြန်လည်ကျင်းပခွင့် ရရှိသည့် အချိန်လည်းဖြစ်၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကာလတွင် တစ်ကမ္ဘာလုံးက စိတ်ဝင်တစား စောင့်ကြည့်နေသည့်အချိန်ကာလလည်း ဖြစ်၊ ပြိုင်ပွဲကြီး၏ ဆောင်ပုဒ် (Motto) ကိုလည်း " Green , Clean and Friendship " အဖြစ် သတ်မှတ်ဖော်ဆောင်နေသည့် အချိန်ကာလလည်း ဖြစ်သဖြင့် ပြိုင်ပွဲကြီးကျင်းပသည့်အချိန်တွင် နိုင်ငံကိုယ်စားပြုအားကစား သမားအနေဖြင့် ပြိုင်ပွဲတိုင်းတွင် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ကြရေးနှင့် အားကစားချစ်မြတ်နိုးသူ မြန်မာပြည်သူ ပြည်သားများ အားကစား ဝါသနာရှင်အားလုံးအနေဖြင့်လည်း အားကစားပြိုင်ပွဲများကို အားပေးရာတွင် နိုင်ငံကြီးသားပီသစွာဖြင့် နိုင်ငံ၏ဂုဏ်ကို ဝိုင်းဝန်းမြှင့်တင်ကြရန် လိုအပ်နေပြီ ဖြစ်ပါသည်။

SEA Games ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း (၃၃) မျိုးရှိသော်လည်း အထူးသဖြင့် ဘောလုံးအားကစားနည်းအနေဖြင့် ပရိသတ်စိတ်ဝင်စားမှုအများဆုံး၊ အားပေးမှုအများဆုံးကစားနည်းဖြစ်သည် ကို တွေ့ရပါသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် လာမည့်ပြိုင်ပွဲကြီးတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားများအနေဖြင့် မိမိအားကစား နည်း၏ စည်းမျဉ်း စည်းကမ်းအား သိရှိလိုက်နာမှု အားနည်းခြင်း၊ ဒိုင်၏ဆုံး ဖြတ်ချက်အား မနာခံခြင်း၊ အနိုင်ရယူလိုစိတ် ပြင်းထန်မှုဖြင့် ပြိုင်ဘက်အားကစား သမားများအား ဥပဒေပြင်ပ ကြမ်းတမ်းစွာ ကစားခြင်း၊ မဖွယ်မရာကိုယ်ထိ လက်ရောက် ကျူးလွန်ခြင်းများ၊ အားပေးသည့် ပရိသတ်အချို့၏ လွန်လွန် ကဲကဲအားပေးမှု စသည့်အကြောင်းချက်များကြောင့် နိုင်ငံ၏ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းမှုများ ဖြစ်ပေါ်မည်ကို နိုင်ငံတော် အကြီးအကဲများ၊ အားကစား ဝန်ကြီးဌာန တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ နှင့်တကွ မြန်မာဘောလုံးအားကစားကို ချစ်မြတ်နိုးသူဝါသနာရှင်ပြည်သူ အများစုက စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းလည်း သိရှိရသည်။

သာဓကအားဖြင့် ပြီးခဲ့သည့် ၁၉၉၅ ခုနှစ် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး တွင် မြန်မာဘောလုံးအသင်းနှင့် ဗီယက်နမ်ဘောလုံးအသင်းတို့ အကြိုဗိုလ် လုပွဲတွင် တွေ့ဆုံခဲ့ကြသည်ကို အားလုံးပြန်လည်သတိရကြဦးမည်ဟု ယူဆ ပါသည်။ အဆိုပါ ပြိုင်ပွဲတွင် အမှန်တကယ် ကြမ်းတမ်းစွာကစားခဲ့သည့် ဗီယက်နမ်ရှေ့တန်းကစားသမား၏ ဥပဒေပြင်ပကစားမှုအပေါ် ဥပဒေဘောင် အတွင်းမှ အသာစီးရယူဆောင်ရွက်ရမည့်အစား မိမိအသင်းဂိုးသမားက ဥပဒေပြင်ပ တုံ့ပြန်ခဲ့သည့်အတွက် အနီကတ်ပြထုတ်ခံခဲ့ရပြီး မြန်မာဘောလုံး အသင်း ရှုံးတံဆိပ်နှင့် ဝေးကွာခဲ့ရသည်။

ထိုနှစ်က မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းမှာ အရည်အချင်း ပြည့်ဝသည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်ပြီး တစ်နိုင်ငံလုံးက ပြိုင်ပွဲကို TV မှ စောင့်ကြည့်ရင်း သောင်းသောင်းဖြဖြအား ပေးနေကြသည့် အချိန်ဖြစ်ပါသည်။ ကြည်လွင်၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ တင်မြင့်အောင်၊ မောင်မောင်ဦး၊ စိုးနိုင်၊ သန်းဝေ၊ ရဲထွဋ် စသည့် မြန်မာဘောလုံးအကျော်အမော်များ၏ ယှဉ်ပြိုင်ကစားခဲ့သည့် ပုံများကို ယနေ့ တိုင် မြင်ယောင်နေမိပါသည်။ တင်ပြလိုသည်မှာ ကစားသမားတစ်ဦး၏ အမှားတစ်ချက်က တစ်သင်းလုံး ဆုံးရှုံးမှု ဖြစ်ခဲ့ရသလို မြန်မာပြည်သူအားလုံး၏ မျှော်လင့်ချက်ကို ပျက်ပြယ်စေခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံလက်ရွေးစင် အားကစားသမားတစ်ယောက်၏ အပြုအမူသည် သူကိုယ်စားပြုသည့် အသင်း၊ အားကစားအဖွဲ့ချုပ်သာမက နိုင်ငံ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေနိုင်သည်ကို မြန်မာ့လက်ရွေးစင်အားကစားသမားအားလုံးက သတိမူကြရန် အလေးအနက် အသိပေးလိုပါသည်။

အလားတူ မကြာမြင့်သေးမီကာလ မြန်မာနိုင်ငံတွင် အာရှခြေစစ်ပွဲ အဖြစ် မြန်မာလက်ရွေးစင်အသင်းနှင့် အိုမန်အသင်းတို့၏ ပြိုင်ပွဲကို ကြည့်ရှု ခဲ့ရပါသည်။ မြန်မာအသင်းအနေဖြင့် အရှေ့တောင်အာရှအဆင့်တွင် ဆီမီး ဖိုင်နယ်တက်ရေး ရုန်းကန်နေရသည့် အသင်းတစ်သင်းဖြစ်ပြီး၊ အိုမန်အသင်း အနေဖြင့် အာရှအဆင့် အသင်းတစ်သင်းဖြစ်သဖြင့် ပြိုင်ပွဲ မပြိုင်ခင်ကတည်းက မည်သို့မျှ အနိုင်ရရန်မလွယ်ကြောင်း သိရှိသင့်သည်။ သို့ရာတွင် မိမိအသင်း ထက် အဘက်ဘက်က သာလွန်သည့် အသင်းအား အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ဖြစ်သင့်သည့်အရှုံးကို လက်မခံနိုင်သည့်အခြေအနေများကို တွေ့ရှိခဲ့ရပြီး ပရိသတ်များအနေဖြင့်လည်း မလုပ်သင့်သည့်ကိစ္စရပ်များ လုပ်ဆောင်ခဲ့သဖြင့် နိုင်ငံတကာအလယ်တွင် ဂုဏ်ငယ်စရာများ ဖြစ်ပေါ်ခဲ့ရပြန်သည်။ ဥပမာ အနေဖြင့် တင်ပြရလျှင် ထိုင်းလက်ရွေးစင်အသင်းမှ ကမ္ဘာ့အဆင့်တစ် ဘာရာဇီးအသင်းအား ဒေါ်လာတစ်သန်းပေး၍ ခေါ်ယူယှဉ်ပြိုင်ကစားခဲ့ ကြောင်း ဖတ်ရှုခဲ့ရသည်။ အလားတူ မန်ချက်စတာယူနိုက်တက်အသင်းကို လည်း ဖိတ်ခေါ်ပြီး ယှဉ်ပြိုင်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ မိမိအသင်းထက် အဆပေါင်းများစွာ သာလွန်သည့် အသင်း များအား ခေါ်ယူယှဉ်ပြိုင်ခဲ့ခြင်းမှာ အနိုင်ရယူလိုခြင်းကြောင့် မဟုတ်ပါ။ ထိုအသင်းများမှ ကမ္ဘာကျော်ဘောလုံးသမားများ၏ ပညာကိုရယူလိုခြင်း ကြောင့်ဖြစ်ပြီး ပရိသတ်များအနေဖြင့်လည်း ဘောလုံးရသကို ကြည့်ရှု ခံစားလိုခြင်းကြောင့် ဖြစ်သည်။ ထိုအသင်းများကို ရှုံးနိမ့်သွားသည့်အတွက် ထိုင်းလက်ရွေးစင် အားကစားသမားများအနေဖြင့်လည်းကောင်း၊ ထိုင်း ပရိသတ်များအနေဖြင့်လည်းကောင်း ကျေကျေနပ်နပ် ကြိုဆိုလက်ခံခဲ့ ကြသည်။ ထိုကဲ့သို့ ဘာရာဇီးအသင်းနှင့် မန်ယူကဲ့သို့ အသင်းမျိုးကို မြန်မာနိုင်ငံတွင် ဖိတ်ခေါ်ယှဉ်ပြိုင်၍ ရှုံးနိမ့်ခဲ့မည်ဆိုပါက မြန်မာပရိသတ် အချို့အနေဖြင့် အရှုံးကို လက်ခံနိုင်သည့် အနေအထားမျိုး ရှိပါ့မလားဆိုသည် ကို တွေးစရာဖြစ်လာသည်။ တင်ပြလိုသည်မှာ လာရောက်ယှဉ်ပြိုင်သည့် ပြိုင်ဘက်နိုင်ငံအသင်း၏ အခြေအနေနှင့် အဆင့်အတန်းကို ကြိုတင်သိရှိ ထားဖို့ အမှန်တကယ်လိုအပ်မည်ဖြစ်သည်။ အားကစားလောကတွင် ထင်ရှားသည့် ဆောင်ပုဒ်တစ်ခုအား မှတ်သားဖူးပါသည်။ “Win at any Cost ”အားကစားကို အနိုင်ရရှိရေးတစ်ခုတည်းကိုသာ ဦးတည်ကြိုးပမ်းပါက အားကစားလောကကို ပျက်စီးစေခြင်းဖြစ်သည်ဆိုခြင်းပင်။

အာရှဘောလုံးအဖွဲ့ချုပ်၏ အစီအမံဖြင့် အရှေ့တောင်အာရှနိုင်ငံ များ၏ ကျောင်းသားလူငယ်ဘောလုံးပွဲတော်အား လွန်ခဲ့သည့် (၁၀)နှစ်ခန့် ကစတင်၍ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် ကမ္ဘောဒီးယား နိုင်ငံ ဖနောင်ပင်မြို့တွင် အသက် (၁၄)နှစ်အောက် ကျောင်းသားအားကစား ပွဲတော်တွင် အာရှနိုင်ငံများမှ တစ်ချိန်တွင် ဘောလုံးအကျော်အမော်များ ဖြစ်လာမည့် လူငယ်ကျောင်းသား အားကစားသမားများအား လူငယ် ကျောင်းသားပွဲတော်(ဘောလုံးပြိုင်ပွဲ)၏ စည်းကမ်းသတ်မှတ်ချက်များတွင် Yellow Card, Red Card များအပြင် Green Card ကိုပါ ပြိုင်ပွဲစည်း ကမ်းများ ထည့်သွင်းသတ်မှတ်ခဲ့သည်။ တားမြစ်ထားသည့် သာမန် ပြစ်မှု များဖြစ်ပါက Yellow Card၊ ပြိုင်ဘက်ကစားသမားအား ထိခိုက်နစ်နာ စေလိုသော ရည်ရွယ်ချက်ဖြင့် ပြစ်မှုကျူးလွန်ပါက တိုက်ရိုက် ထုတ်ပယ်သည့် Red Card များကိုသာ ဒိုင်လူကြီးများ သုံးစွဲသည်ကိုသာ မြင်တွေ့ခဲ့ရဖူးသော် လည်း အဆိုပါကျောင်းသား အားကစားပွဲတော်တွင် ဘောလုံးအားကစား၏ ဆောင်ပုဒ်ဖြစ်သည့် Fair Play ဆောင်ပုဒ်အား မျိုးဆက်သစ်များ အတုယူ လိုက်နာတတ်စေရေးအတွက် Green Card အား ထည့်သွင်းအသုံးပြုခဲ့သည်ကို တွေ့ခဲ့ရသည်။

Green Card မှာ ကစားသမားနှစ်ဦး အင်တိုက်အားတိုက် အားကြိုး မာန်တက် ယှဉ်ပြိုင်ကစားရာမှ တစ်ဦးမှာလဲကျသွားပါက ကျန်ကစားသမား တစ်ဦးက ဘောလုံးကို ဆက်မကစားဘဲ လဲကျသွားသည့် ကစားသမားအား ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများပြုလုပ်သည်။ အလားတူ ဥပဒေဘောင် အတွင်းမှ ကစားသော်လည်း တွန်းတွန်းတိုက်တိုက်ကစားရသည့် အားကစား နည်းဖြစ်၍ မတော်တဆထိခိုက်မိသွားသည့်အခါမျိုးတွင်လည်း ကစားသမားက ဘောလုံးဆက်မကစားဘဲ ထိခိုက်မိသွားသည့် ကစားသမားအား အကူအညီ ပေးခြင်း၊ တောင်းပန်ခြင်းများ ချက်ချင်းပြုလုပ်ပါသည်။ အလားတူ ရှေ့တန်း ကစားသမားနှင့် နောက်တန်းကစားသမားဘောလုံးယှဉ်ပြိုင်လုရင်း နောက် တန်းကစားသမားလဲကျကျန်နေခဲ့ပြီး ပြိုင်ဘက်ရှေ့တန်းကစားသမားက

ကိုဌေး
(ကနောင်)



ဂိုးသွင်းခွင့် အခွင့်အရေးရရှိသွားသော်လည်း ဂိုးသွင်းခြင်းမပြုဘဲ လဲကျသွား သည့် ကစားသမားကို ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများ ပြုလုပ်သည်။

ထိုသို့သော ဖြစ်စဉ်များအား မြင်တွေ့ပါက ဒိုင်လူကြီးက အနီးသို့ပြေးသွား ပြီး ဆွဲထူပေးသည့်ကစားသမားကို အားကစားစိတ်ဓာတ်ရှိသူအဖြစ် ဂုဏ်ပြု သတ်မှတ်သည့်အနေဖြင့် Green Card ပြသသည်။ ပြိုင်ပွဲကြီးပြီးဆုံးချိန် တွင် အသင်းတစ်သင်းလုံး အဝါကတ်၊ အနီကတ် လုံးဝပြသခံရခြင်းမရှိသည့် အသင်းအား ကွင်းလယ်ဒိုင်လူကြီးက အနီးသို့သွားရောက်ပြီး တစ်သင်းလုံးအား Green Card (အစိမ်းကတ်)ပြသပြီး အားကစားစိတ်ဓာတ်ပြည့်ဝသောအသင်း အဖြစ် ဂုဏ်ပြုသည်။ ပြိုင်ပွဲကြီးပြီးဆုံးချိန်တွင်လည်း ပထမရရှိသော အသင်း အား ဆုဖလား၊ ဆုတံဆိပ်များချီးမြှင့်ပေးအပ်သလို ပွဲစဉ်တစ်လျှောက် အသန့် ရှင်းဆုံးနှင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်သည့် Green Card အများဆုံးရရှိသည့်အသင်းအား ပထမရရှိသည့်အသင်းနှင့်တန်းတူ ဆုဖလားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဤကျောင်းသား အားကစားပွဲတော်မှ ဆုချီးမြှင့်သည့် အခမ်းအနားတွင် ပထမရရှိသော

> “ နိုင်ငံလက်ရွေးစင် အားကစားသမားတစ်ယောက်၏ အပြုအမူသည် သူကိုယ်စားပြုသည့် အသင်း၊ အားကစားအဖွဲ့ချုပ်သာမက နိုင်ငံ၏ဂုဏ်သိက္ခာကိုပါ ထိခိုက်စေနိုင်သည်ကို မြန်မာ့လက်ရွေးစင် အားကစား သမားအားလုံးက သတိမူကြရန် အလေးအနက် အသိပေးလို ”

အသင်းထက် အသန့်ရှင်းဆုံးဆုနှင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင် သည့်အသင်းကို ပရိသတ်က ပိုမိုအားပေးဂုဏ်ပြုကြသည်ကို ဂုဏ်ယူဖွယ် မြင်တွေ့ခဲ့ရသည်။

ယနေ့အချိန်အခါတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိသည့်အချိန်တွင် ပြိုင်ပွဲကြီး အား အမွှမ်းတင်၍ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်ပြသနိုင်အောင် ဆောင်ရွက် ခြင်း၊ အားကစားကိုပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားပြီး နိုင်ငံကြီးသား ပီသစွာ အားပေးတတ်သည့်အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပြီး လိုက်နာဆောင်ရွက်ခြင်း၊ မိမိတို့လူမျိုးများ၏ ချစ်ကြည်ရင်းနှီးမှု၊ ပျူငှာ ဖော်ရွေမှု၊ ရိုးသားမှု၊ ဖြူစင်မှု၊ အမှန်တရားကိုမြတ်နိုးမှု၊ ညီညွတ်ကျေပွန်မှု စသည့်အချက်များကို နိုင်ငံ၏ပြယုဂ်အဖြစ်ဖော်ထုတ်ပြသရန် အမှန်တကယ် လိုအပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လာမည့် (၂၇)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့ ဂုဏ်ဆောင်အားကစားသမားများ၊ ပြိုင်ပွဲတိုင်းကို နိုင်ငံချစ်စိတ်ဖြင့် အားပေး ကြသည့် အားကစားချစ်ပရိသတ်များကို “အားကစားစိတ်ဓာတ်အပြည့်အဝ ဖြင့် ယှဉ်ပြိုင်ကြပါ။ နိုင်ငံကြီးသားပီသစွာ အားပေးခြင်းများဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ကြပါစို့”ဟု တိုက်တွန်းအပ်ပါကြောင်း။ ။

ဖျာပုံမြို့ရှိ ကျောင်းသားများအား နွားနို့တိုက်ကျွေး

ဖျာပုံ ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံ ပညာမူလတန်းကျောင်းများ၌ အနာ ဂတ်ကလေးငယ်များ ကျန်းမာသန်စွမ်း စေရန်အတွက် နွားနို့များ တိုက်ကျွေး ကြောင်း သိရသည်။

အဆိုပါ နွားနို့တိုက်ကျွေးရေး အစီအစဉ်များကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားမှု ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန က ကြီးမှူး၍ ခရိုင်နှင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကာ အလှူရှင်များ၏ ပံ့ပိုးကူ ညီမှုတို့ဖြင့် တိုက်ကျွေးလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် အတွင်း တစ်လလျှင် တစ်ကျောင်းနှုန်း၊ အပတ်စဉ်သောကြာနေ့တိုင်း ဖျာပုံ မြို့နယ်အတွင်းရှိ မူလတန်းကျောင်း များတွင် တိုက်ကျွေးလျက်ရှိပြီး အလှူ ရှင်များ ထပ်မံရရှိလာပါက တိုးချဲ့ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဖျာပုံ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာကြည်ကြည်သိန်းက ပြောပြ သည်။

ယခုကဲ့သို့ အခြေခံပညာမူလတန်း ကျောင်းများတွင် နို့တိုက်ကျွေးရေး အစီအစဉ်များကြောင့် ကလေးငယ် များသည် ငယ်စဉ်မှစ၍ နွားနို့သောက် သုံးသည့် အလေ့အကျင့်များရရှိပြီး အရည်အချင်းပြည့်ဝကာ ဉာဏ်ရည် ဉာဏ်သွေးထက်မြက်သည့် အနာဂတ် ခေါင်းဆောင်များ ပေါ်ထွန်းလာစေ ရန် ရည်ရွယ်ကြောင်း ဒေါက်တာ ကြည်ကြည်သိန်းက ထပ်မံဖြည့်စွက် ပြောကြားသည်။ **သူဇာနွယ်(ဖျာပုံ)**

ဩဂုတ် ၁၅ ရက်က ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရန်ကုန်တိုင်း ဒေသကြီးအဆင့် ကျောင်းကျန်းမာရေး(စံပြကျောင်းများ) ဆုချီးမြှင့်ပွဲအခမ်း အနားကို အထက(၁)ဒဂုံ၌ ကျင်းပရာ မူလတန်းအဆင့် စံပြ(ပထမ)ဆု ကို မင်္ဂလာတောင်ညွန့်မြို့နယ် အမက (၁၀)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆွေအား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် အားကစားသမားများ လေ့ကျင့်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာများစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Training Center-2)သို့ သွားရောက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် သေနတ်ပစ်၊ အလေးမ၊ ဂျူဒို (အတိုက်/အပြ)၊ ကမ်ပို၊ ပန်ကြပ်ဆီလတ်၊ ကရာတေးဒို၊ ဘိလိယက်နှင့်စနူကာ အားကစားသမား များ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများ၏ လေ့ကျင့်ရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာများ ကို ကြည့်ရှုစစ်ဆေးပြီး အားသာချက်၊ အားနည်းချက်များအား တာဝန်ရှိသူများ ထံ တင်ပြသွားရန် အားကစားနည်းအလိုက် တာဝန်ခံများ၊ နည်းပြဆရာများ အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်သူ့လွှတ်တော်အစည်းအဝေး

အုပ်ချုပ်ရေးဆိုင်ရာ တည်ဆဲဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲနိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို အစီအစဉ် (၁၁) ခုဖြင့် ဆောင်ရွက်ခဲ့ပြီး သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ **ရခိုင်ပြည်နယ်၏မြို့နယ်များရှိ သင့်လျော်သောနေရာများတွင် မုန်တိုင်းဒဏ်ခံ Cyclone Shelter များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ရခိုင်ပြည်နယ်အတွက် နိုင်ငံခြားအထောက်အပံ့နှင့် အကူအညီများရရှိမှုပေါ်မူတည်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ပေါက်တော၊ ရသေ့တောင်၊ မြေပုံနှင့်မင်းပြားမြို့နယ်များတွင် အရွယ်အစားပေ(၂၄×၁၆×၂၂ ဒသမ ၅)ရှိ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံအဆောက်အအုံ ၂၅၁ လုံးနှင့် ရမ်းဗြဲ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဂွ၊ စစ်တွေနှင့် မာန်အောင်မြို့နယ်များတွင် ပေ(၁၀၀×၁၀၀×၅၀)ရှိ School Cum Shelter သဘာဝဘေးဒဏ်ခံအဆောက်အအုံ ၁၆၂ လုံး ဆောက်လုပ်ပေးနိုင်ရန် လျာထားပါကြောင်းနှင့် ယင်းအကူအညီများ ရရှိခဲ့ပါက သတ်မှတ်ကာလအတွင်း Cyclone Shelter များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် မြို့နယ်များရှိ သင့်လျော်သောနေရာများ၌ မုန်တိုင်းဒဏ်ခံ Cyclone Shelter များ တည်ဆောက်ပေးရန်အတွက် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဖြေကြားစဉ်။ (သတင်းစဉ်)

အလားတူ နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၏ **အချုပ်ယာဉ်၊ လှည့်ကင်း/လုံခြုံရေးဆောင်ရွက်ရန်ယာဉ်နှင့် အဓိကရုဏ်းနှိမ်နင်းရေးယာဉ်စသည့်တို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့များသို့ စီမံချက်ရေးဆွဲပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသော မော်တော်ယာဉ်များအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ တောင်းခံ၍လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူဖြည့်တင်းပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီက အိတ်ဖွင့်တင်ဒါဈေးပြိုင်စနစ်ဖြင့်ဝယ်ယူရေး ဆောင်ရွက်လျက်ရှိပြီး ဝယ်ယူပြီးပါက ဖြန့်ဝေထုတ်ပေးရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ မြန်မာဒဘယ်ကက်/စင်ကယ်ကက်ယာဉ် ၆၃ စီး ထပ်မံခွဲဝေရရှိခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသစ်တိုးချဲ့ဖွဲ့စည်းခဲ့သည့် တပ်ဖွဲ့များသို့ ခွဲဝေထုတ်ပေးထားရှိပါကြောင်းနှင့် မော်တော်ယာဉ်များ ထပ်မံဖြည့်တင်းရရှိလာပါကလည်း မြို့နယ်အသီးသီးသို့ ဆက်လက်ခွဲဝေထုတ်ပေးရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့ပြင် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၏ **စီးပွားရေးကုမ္ပဏီများမှ ဆုမဲများကို ကြော်ငြာထားသည့်အတိုင်း ထည့်သွင်းပေးထားခြင်း ရှိ/မရှိနှင့် ၎င်းဆုမဲများပေးခြင်းအပေါ် နိုင်ငံတော်အခွန်စည်းကြပ်ရေးကဏ္ဍတွင် ထည့်သွင်းတွက်ချက်ခြင်းရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က စားသုံးသူများအား ကံစမ်းမဲများထည့်၍ အပြိုင်အဆိုင်ရောင်းချခြင်းသည် သက်ဆိုင်ရာကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေးအတွက် ၎င်းတို့အနေဖြင့် ကြော်ငြာထည့်သွင်းပေးခြင်းဖြစ်ပြီး ဆုမဲများအား ကြော်ငြာထားသည့်အတိုင်း ထည့်သွင်းပေးခြင်း ရှိ/မရှိ စစ်ဆေးကြီးကြပ်ရန်အတွက် လက်ရှိတည်ဆဲဥပဒေများအရ ဤဝန်ကြီးဌာနများမှ ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့် မရှိပါကြောင်း၊ ဆုမဲများအတွက် ကုန်ကျစရိတ်သည် လုပ်ငန်းပမာဏနှင့် မျှတမှုရှိပါက အခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်မည်ဖြစ်ပြီး လုပ်ငန်းပမာဏနှင့်မျှတမှုမရှိပါက တင်ပြတောင်းခံသည့်အတိုင်း ထည့်သွင်းတွက်ချက်ပေးမည်မဟုတ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **ယနေ့ကာလတွင် ပြည်ထောင်စုလွှတ်တော်က ရပ်ကွက်(သို့) ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်းမရှိသေးဘဲ တာဝန်ပေးဆောင်ရွက်စေခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ဆီလျော်ခြင်းမရှိပါ၊ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ခရိုင်နှင့်မြို့နယ်အဆင့်များက လက်ခံကျင့်သုံးလျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာ တည်ဆဲဥပဒေများကို ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်မည်ဆိုပါက ယင်းဥပဒေများကို စီမံခန့်ခွဲသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးနှင့် ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်တို့က အကြံပြုဆွေးနွေးကြပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး(၂၃) ရက်မြောက်နေ့ကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အောင်ပင်လယ်လျှပ်စစ်ရေတင်စီမံကိန်းရှိ ရေခေါ်မြောင်းအား တူးဖော်ရန် အစီအစဉ်မရှိသေး

နေပြည်တော် ဩဂုတ် ၁၉

အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်းသည် နွေစပါးရေပေးဝေခြင်းမရှိသည့် ရေတင်လုပ်ငန်းဖြစ်သဖြင့် မိုးစပါးရေပေးဝေမှုလုပ်ငန်းမဆောင်ရွက်မီ မြောင်းပြုပြင်ခြင်း၊ ထူးပေါက်များ ပိတ်ဆို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါကြောင်း၊ ယခုနှစ်မိုးစပါးရေပေးဝေခြင်းမပြုမီ မြောင်းများ ပြုပြင်ပြီးဖြစ်ပါကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး၏ မင်းဘူး(စကု)မြို့နယ် အောင်ပင်လယ်လျှပ်စစ်ရေတင်စီမံကိန်းရှိ ရေခေါ်မြောင်းအား တူးဖော်ပေးပါရန်နှင့် ရေတင်စီမံကိန်း ပင်မမြောင်းမကြီး ရေစိမ့်ထွက်မှုမရှိစေရန် ရေထိန်းနံရံများတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းခဲ့သည်။

ဆက်လက်၍ ဘေးဘယ်ညာတစ်လျှောက်လုံး လယ်ကွင်းများဖြစ်သဖြင့် အကယ်၍ မြောင်းမှရေစိမ့်ထွက်မှုဖြစ်ပေါ်ပါက လယ်ကွင်းများအတွင်းသို့သာ ရောက်ရှိမည်ဖြစ်ပြီး အခြားသို့ လေလွင့်မှုမရှိနိုင်ပါကြောင်းနှင့်ပင်မမြောင်း အုတ်စီခြင်းလုပ်ငန်းအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အောင်ပင်လယ်ကန်အစပ်အထိ ရေခေါ်မြောင်းတူးဖော်မည်ဆိုပါက ပေ ၁၄၀၀ ခန့် ထပ်မံတူးဖော်ရမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ယခုအချိန်တွင် မိုးရာသီဖြစ်ခြင်း၊ မိုးစပါးအတွက် ကန်အတွင်းသို့ ရေဖြည့်ပြီးဖြစ်ခြင်းတို့ကြောင့် ရေခေါ်မြောင်းတိုးချဲ့တူးဖော်ရန် စက်ဝင်၍မရတော့ပါသဖြင့် လက်ရှိအနေအထားအရ တူးဖော်ရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် ပွင့်လင်းရာသီရောက်သည့် အချိန်တွင် ဒေသအာဏာပိုင်များ၊ ဆည်မြောင်းဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ နယ်မြေခံတောင်သူများနှင့်ပူးပေါင်း၍ ဖြစ်နိုင်ခြေရှိသည့် Level အတိုင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

"လယ်ယာမြေတွေက အရင်က သတ်မှတ်ထားတဲ့အတိုင်း ရေလွှတ်တာဖြစ်ပေမယ့် အခုဟာက တိုးချဲ့ထားတဲ့ လယ်ယာမြေတွေရှိပါတယ်။ အဲဒီတိုးချဲ့တဲ့ လယ်ယာမြေတွေ ရေရဖို့အတွက် ဒီရေတွေရောက်အောင် သတ်မှတ်တဲ့အချိန် ရေခေါ်မြောင်းကို သတ်မှတ်တဲ့နေရာအထိ ရောက်အောင် လုပ်ပေးသွားမှာရယ်၊ ရေစိမ့်ထွက်မှုရှိတဲ့ နေရာတွေမှာ လာမယ့်နှစ် ဘတ်ဂျက်ကို ကြည့်ပြီးတော့မှ ငွေရရင်ရသလို ကျောက်ထိန်းနံရံတွေ လုပ်ပေးမယ်ပြောသွားပါတယ်။ အမြန်ဆုံးလုပ်ပေးရင်တော့ တောင်သူတွေအများစုအတွက် အကျိုးကျေးဇူးပိုရတာပေါ့။ လက်ရှိအခြေအနေမှာ မိုးရာသီဆိုတော့ လုပ်လို့မရဘူး။ ပွင့်လင်းရာသီမှာ သက်ဆိုင်ရာအဖွဲ့အစည်းနဲ့ သတ်မှတ်ထားတဲ့ နေရာကိုအရောက် လုပ်ပေးမယ်ဖြေသွားတဲ့အပေါ် ကျေနပ်အားရမှုရှိပါတယ်" ဟု မေးခွန်းရှင် ဦးကျော်သူဦးက ပြောပြခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို လွှတ်တော်၌ဆွေးနွေးနိုင်ရန် ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခဲ့သည်။

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

စိစစ်လေ့လာခဲ့

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ၂၄-၇-၂၀၁၃ ရက်တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့်လည်းကောင်း၊ ၂၆-၇-၂၀၁၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် လည်းကောင်း တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ရာ အကြံပြုချက်များအပါအဝင် ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို စိစစ်လေ့လာခဲ့ကြောင်းသိရသည်။

ထည့်သွင်းထား

၎င်းအစီရင်ခံစာတွင် "ပုံနှိပ်စက်ဆိုသည်မှာ အများနှင့်သက်ဆိုင်သော ဆက်သွယ်မှုလုပ်ငန်းအတွက် ပုံနှိပ်ရန်အသုံးပြုသည့်စက်" ဟု ပြင်ဆင်သင့်ကြောင်း၊ ရည်ရွယ်ချက်များ အခန်းတွင် "နိုင်ငံတော်အတွင်း၌ အရည်အသွေး အဆင့်အတန်းမီ၍ ကျင့်ဝတ်သိက္ခာရှိသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖြစ်ထွန်းရေးကိုဦးတည်ရန်"၊ "ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိတို့၏လုပ်ငန်းများကို တည်ငြိမ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်နှင့်လျော်ညီသော သီးခြားလုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းရန်"၊ "ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့်တို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်" ဟူသော ရည်ရွယ်ချက်များကို ဖြည့်စွက်ဖော်ပြသင့်ကြောင်း ထည့်သွင်းထားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၂၃) ရက်မြောက်နေ့ကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစည်းအဝေးအတွေ့အကြုံ ရှင်းလင်း

ပဲခူး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက နေပြည်တော်တွင်ကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဦးမောင်မောင်ရွှေက ရှင်းလင်းမှာကြားခြင်းအခမ်းအနား ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါ ထပ်ဆင့်ရှင်းလင်းမှာကြားခြင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးများ စုစုပေါင်း ၉၃ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

(သန့်စင်)

ပြည်တွင်းသတင်း

■ *ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အခမ်းအနားမှာ နေပြည်တော်ကောင်စီ မြို့နယ်ရှစ်မြို့နယ်တို့မှ သမဝါယမအသင်းများအား မြို့နယ်အလိုက် ငွေကြေးအရင်းအနှီးများ မတည်ရင်းနှီးငွေအဖြစ် ထုတ်ချေးပေးအပ်မည့်အခမ်းအနား ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီ မြို့နယ်ရှစ်မြို့နယ်အတွက် ငွေကြေးအရင်းအနှီးချေးငွေကျပ် ၇၂၀၆ ဒသမ ၇ သိန်းအပြင် လက်တွန်းထွန်စက်၊ ထွန်စက်၊ ထော်လာဂျီ၊ ထရပ်ကား၊ အင်ဂျင်၊ မီးစက်၊ ရေစုပ်စက်၊ သုံးဘီးဆိုင်ကယ်၊ ပရိဘောဂစ်တက္ကစီကား၊ အပ်ချုပ်စက်၊ ဆိုက်ကားနှင့် မော်တော်ဆိုင်ကယ် စသည့်ပစ္စည်းတန်ဖိုးအပါအဝင် ကျပ်သိန်းပေါင်း ၁၂၅၈၂ ဒသမ ၄၅ သိန်းထုတ်ချေးပေးအပ်သွားမည် ဖြစ်ပါကြောင်း။

ယင်းငွေကြေးနှင့် ပစ္စည်းများကို သမဝါယမဝန်ကြီးဌာနအစီအစဉ်ဖြင့် ထုတ်ချေးပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်မှာကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်အနက် သမဝါယမဝန်ကြီးဌာန၏ လုပ်ငန်းများကို ဆင်းရဲနွမ်းပါးသူများအတွက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိနေသော်လည်း ယနေ့ ဆင်းရဲနွမ်းပါးမှုနှုန်း များနေပါကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ယင်းကျေးလက်နေ ပြည်သူများသည် ဆင်းရဲနွမ်းပါးမှုအများဆုံးဖြစ်ကြပါကြောင်း၊ အဓိကအလုပ်အကိုင်မှာ လယ်ယာလုပ်ငန်းဖြစ်ပြီး လက်လုပ်လက်စားသမား အချို့သည်လည်း ယင်းလယ်ယာလုပ်ငန်းပေါ်တွင် မှီခိုအားထားနေရခြင်းဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သမားရိုးကျအတိုင်း စိုက်ပျိုးထုတ်လုပ်ရာမှ စက်မှုလယ်ယာသို့ ပြောင်းလဲစိုက်ပျိုး ထုတ်လုပ်မှသာ တောင်သူလယ်သမားများအတွက် ဝမ်းစာဖူလုံရုံသာမက ပိုလျှံပြီး ဝင်ငွေလည်းတိုးပွားလာမည်ဖြစ်ပါကြောင်း၊ **စိုက်ပျိုးခြင်း၊ ကြိတ်ခွဲခြင်း၊ ဈေးကွက်သို့ သယ်ပို့ရောင်းချခြင်းအဆင့်အထိ Supply Chain တစ်ခုလုံး အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရန်အတွက်** လယ်သမားတစ်ဦးတည်းဖြင့် မရနိုင်တော့ဘဲ ယင်းလုပ်ငန်းများကို **သမဝါယမအသင်းများ ဖွဲ့စည်းပြီး တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။**

ဒါကြောင့် **သမဝါယမအသင်းများသည် တောင်သူလယ်သမားများကို ငွေထုတ်ချေးပေးရုံသက်သက်သာမဟုတ်ဘဲ ကြိတ်ခွဲရောင်းချသည့်အဆင့်အထိ စီမံဆောင်ရွက်ပေးသွားရန်လိုအပ်ပါကြောင်း၊** သို့မှသာ တောင်သူလယ်သမားများဘဝ အဆင်ပြေမည်ဖြစ်ပြီး ဝင်ငွေလည်း တိုးပွားလာမည်ဖြစ်ပါကြောင်း။

တောင်သူ လယ်သမားများအနေဖြင့် စပါးတစ်သီး သို့မဟုတ် ပဲတစ်သီး စိုက်ပျိုးထုတ်လုပ်ချိန်မှာ ရောင်းတန်းဝင်သည်အထိ အနည်းဆုံးသုံးလမှ ငါးလအထိ ကြာမြင့်ပါကြောင်း၊ **စပါးမရောင်းရသေးမီကာလအတွင်း နေ့စဉ် စားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရနိုင်သည့် မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်ကြရန်လိုပါကြောင်း၊** ကြက်၊ ဝက်၊ ဘဲ၊ နို့စားနွားစသည်အားဖြင့် မွေးမြူပါက နေ့စဉ်ဝင်ငွေရနိုင်သည့်အပြင် **စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အပြန်အလှန် အကျိုးပြုသည့်အတွက် ဘက်စုံစိုက်ပျိုးမွေးမြူရေးကို မဖြစ်မနေ တွဲဖက်လုပ်ဆောင်သင့်ပါကြောင်း၊** သို့မှသာ ငွေပိုငွေလျှံရလာနိုင်ပြီး သားသမီးများ ပညာသင်ကြားနိုင်ရေး၊ နေထိုင်မကောင်းသည့်အခါ ဆေးဝါးကုသနိုင်ရေး စသည်တို့ကို မကြောင့်မကြဘဲ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

တောင်သူ လယ်သမားများအတွက် ဘက်စုံစိုက်ပျိုးမွေးမြူနိုင်ဖို့ အရင်းအနှီးလိုပါကြောင်း၊ နိုင်ငံတော်အစိုးရက ထုတ်ချေးပေးနိုင်သည့် ကျပ်ငွေတစ်သိန်းနှင့် ဘယ်လိုမျှ မလောက်ငနိုင်ဘူးဆိုသည်ကို မိမိတို့ သိပါကြောင်း၊ ထို့ကြောင့် လယ်ကွင်းများကို ပြုပြင်ရန် ဆည်ရေရသည့်အခါမျိုးတွင် သုံးသီးစိုက်နိုင်အောင် ရေထုတ်ရေသွင်းစနစ်များလုပ်ရန်နှင့် လယ်ယာပေါင်နှံခွင့်ရအောင် လယ်ယာပိုင်ဆိုင်ခွင့် မှတ်ပုံတင်များ လုပ်ကြရန် မိမိတို့ တိုက်တွန်းနေခြင်းဖြစ်ပါကြောင်း။

ယခုဆိုလျှင် နေပြည်တော်ရှစ်မြို့နယ်အားလုံး လယ်ယာမှတ်ပုံတင် ကိစ္စပြီးသွားပြီဖြစ်ပါကြောင်း၊ **မှတ်ပုံတင်လုပ်ပေးခြင်းသည် အိမ်ဂရန်လုပ်ပေးသကဲ့သို့ ပိုင်ဆိုင်ခွင့်လုပ်ပေးလိုက်ခြင်း ဖြစ်ပါကြောင်း၊ ပေါင်နှံလို့ရသွားပြီ ဖြစ်ပါကြောင်း၊ သားစဉ်မြေးဆက် အမွေလွှဲပြောင်းပေး၍ ရသွားပြီဖြစ်ပါကြောင်း၊** ဘဏ်တွင်ပေါင်နှံပြီး ငွေချေးလို့ရသွားပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အမတော်ကြေးအစား ဘဏ်များမှ တစ်ဆင့် စိုက်စရိတ်/မွေးမြူစရိတ်များ လုံလောက်အောင် ချေးငှားယူသည့်စနစ်ဖြင့် ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ် ရှစ်မြို့နယ်မှ သမဝါယမအသင်းများအတွက် ပံ့ပိုးချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စပါးမရောင်းရသေးမီကာလအတွင်း စားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရနိုင်သည့်မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်

တိုင်းပြည်မှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် လေယာဉ်ကွင်းကြီးများ၊ အလုပ်ရုံ၊ စက်ရုံများ၊ စက်မှုဇုန်များ၊ အသေးစား အလတ်စား စက်မှုလုပ်ငန်းများထူထောင်နိုင်ရန်အတွက် မိမိတို့ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထိုစက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်များ ပေါ်ပေါက်လာသည်နှင့်အမျှ ကျေးလက်နေ ပြည်သူအချို့သည် အလုပ်ရုံ၊ စက်ရုံများရှိရာ မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်ပြီး အလုပ်လုပ်ကြမည်ဖြစ်သည့်အတွက် လယ်ယာလုပ်သားရှားပါးလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာလုပ်သားများနေရာတွင် စက်များဖြင့် ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းခြွေလှေ့ကြရမည်ဖြစ်သည့်အတွက် စက်မှုလယ်ယာစနစ်ကို မလွှဲမသွေ ကူးပြောင်းကြရမည်ဖြစ်ပါကြောင်း။

ဤနေရာတွင် ထွန်စက်ကြီးများ၊ ကောက်စိုက်စက်များ၊ ကောက်ရိတ်စက်၊ ကွန်ဘိုင်းဟာဗက်စသည်တို့ ခြွေလှေ့စက်၊ အခြောက်ခံစက်များ လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ထိုစက်များသည် တန်ဖိုးကြီးမားသည့်အတွက် တောင်သူလယ်သမားတစ်ဦးချင်းဝယ်ရန် အလွန်ခက်ခဲပါကြောင်း၊ ထို့ကြောင့် လယ်ဇကေငါးရာ၊ တစ်ထောင်တစ်ဆက်တစ်စပ်တည်းရှိနေသော ကျေးရွာစုများတွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး လယ်ယာကုန်ထုတ်သမအသင်းများ ထူထောင်ရမည်ဖြစ်ပါကြောင်း၊ ယင်းအသင်းများဖြစ်ပေါ်လာလျှင် ပြည်တွင်း ပြည်ပမှ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် စောစောက ကျွန်တော်ပြောတဲ့ လယ်ယာသုံးစက်ပစ္စည်းများကို ဝယ်ယူဖြည့်တင်းပြီး တောင်သူလယ်သမားများကို အငှားလိုက်စနစ်ဖြင့် ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းခြွေလှေ့ပေးနိုင်မည်ဖြစ်ပါကြောင်း။

လက်တွေ့ စမ်းသပ်ချက်အရ စက်များဖြင့် ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းရာတွင် လူဖြင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြင်းထက် အချိန်များစွာသက်သာပြီး ကုန်ကျစရိတ်နှင့် အလေအလွင့်များစွာ သက်သာသွားသည်ကို တွေ့ရှိရပါကြောင်း၊ အချိန်သက်သာသည်နှင့်အမျှ ပိုလျှံသည့် အချိန်များတွင် ကြက်၊ ဝက်၊ ဘဲ၊ နို့စားနွား စသည်တို့ကို အချိန်ပေးပြီး မွေးမြူနိုင်ပါကြောင်း၊ ထိုသို့ မွေးမြူနိုင်သည့်အတွက် စပါးမပေါ်မီ နေ့စဉ်စားသုံးရန်အတွက် နေ့စဉ် ဝင်ငွေရရှိစေပါကြောင်း၊ **မပျင်းမရိဘဲ စိုက်ပျိုးမွေးမြူ လုပ်ကိုင်မည်ဆိုလျှင် မိသားစုတစ်စုလုံး အလုပ်အကိုင်ရရှိနိုင်သည့်အပြင် စားဝတ်နေရေးအတွက် ပြည့်စုံဖူလုံနိုင်ပါကြောင်း။**

ကျေးလက်ဒေသများမှာသာမက မြို့ပေါ်ရပ်ကွက်များမှာပါ အောက်ခြေဝန်ထမ်းများအပါအဝင် ဆင်းရဲနွမ်းပါးသူအချို့သည် ငွေကြေးအရင်းအနှီး မရှိကြသည့်အတွက် တက္ကစီ အငှားမောင်းနေရသူများ၊ ဆိုက်ကား၊ မော်တော်ဆိုင်ကယ် အငှားနင်းနေရသူများ၊ အပ်ချုပ်စက်ငှားပြီး အငှားချုပ်နေကြရသည့် စက်ချုပ်သမများ ရှိနေပါကြောင်း၊ တစ်နေ့စာ တစ်နေ့ ရှာဖွေစားနေရပြီး **မိမိတို့ ပင်ပန်းကြီးစွာ ရှာဖွေရရှိသည့် ငွေကြေးအချို့အဝက်ကို ပိုင်ရှင်အား နေ့စဉ် ပေးအပ်နေရသည့်အတွက် ငွေပိုငွေလျှံမကျန်ရှိတော့ဘဲ သား သမီးများ ကျောင်းထားရန်၊ နေထိုင်မကောင်းဖြစ်သည့်အခါ ဆေးဝါးကုသရန်ပင် အခက်အခဲနှင့်ကြုံတွေ့နေရခြင်းများရှိနေပါကြောင်း။**

ထို့ကြောင့် **သမဝါယမဝန်ကြီးဌာနအနေဖြင့် အောက်ခြေဝန်ထမ်းတွေ အပါအဝင် လိုအပ်နေသော ငွေကြေးအရင်းအနှီးအတွက် ထုတ်ချေးပေးပြီး အချိန်တိုအတွင်း ကားပိုင်၊ ဆိုက်ကားပိုင်၊ မော်တော်ဆိုင်ကယ်ပိုင်၊ အပ်ချုပ်စက်ပိုင်ရှင်များဖြစ်လာအောင် စီမံဆောင်ရွက်ပေးနေပါကြောင်း၊** နိုင်ငံတော်၏ စေတနာကို တန်ဖိုးထားပြီး ရိုးရိုးသားသား၊ ကြိုးကြိုးစားစားဖြင့် ရှာဖွေလုပ်ကိုင်ကြပြီး မိမိတို့ချေးငွေများကိုလည်း မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ကာ ပိုင်ရှင်များဖြစ်အောင် မိမိတို့၏ဘဝကို ဖန်တီးယူကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိပါကြောင်း၊ ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးမြင့်တက်လာအောင် ပြည်တွင်းပြည်ပ အကူအညီများရယူပြီး မိမိတို့ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ **ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူထုက ရွေးချယ်တင်မြှောက်ထားသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တော်ရန်ကောင်းရန် အရေးကြီးပါကြောင်း၊** ရှေးဦးစွာ ကျေးရွာများတွင် တရားဥပဒေစိုးမိုးအောင်၊ လောင်းကစားဝိုင်းများ၊ အရက်ပုန်းချက်လုပ်ခြင်းများ၊ ချဲထီဒိုင်များ၊ မူးယစ်ဆေးဝါးများမရှိအောင် ထိထိရောက်ရောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရာဇဝတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ ခိုးမှုများကင်းစင်ပြီး တရားဥပဒေစိုးမိုးသည့် ကျေးရွာများဖြစ်လာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ တိုးတက်အောင်လုပ်၍ ရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲ၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ၊ စည်းလုံးညီညွတ်မှုမရှိဘဲ ဘယ်လိုမျှ တိုးတက်လာနိုင်မည်မဟုတ်ပါကြောင်း၊ **ရာထူးဆိုသည်မှာ အာဏာပြရန် မဟုတ်ပါကြောင်း၊ အဖွဲ့အစည်းတစ်ခု တိုးတက်လာအောင်ဦးဆောင်မှုပေးရန်အတွက် ပေးအပ်ထားခြင်းဖြစ်ပါကြောင်း။**

ယခုအခါ ပြည်သူကို ဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ကျင့်သုံးနေပါကြောင်း၊ မြို့နယ်၊ ကျေးရွာများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့အပြင် မြို့နယ်ကျေးရွာပူးပေါင်းဆောင်ရွက်ရေး အကျိုးဆောင်ကော်မတီကို မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းထားသောအဖွဲ့များ၊ မြို့နယ်မှရွေးချယ်သည့် စည်ပင်အဖွဲ့များရှိနေကြပြီ ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့နယ်များတွင် မြို့နယ်မှ ရွေးပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိနေပါကြောင်း၊ ထိုအဖွဲ့အစည်း၊ ထိုပုဂ္ဂိုလ်များသည် ကိုယ့်မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီနွှီးနွှီး၊ တိုင်တိုင်ပင်ပင်ဖြင့် စည်းစည်းလုံးလုံး လုပ်ကိုင်ကြမည်ဆိုလျှင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသည် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ကရော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကပါ ကူညီနိုင်သည်များ၊ ဖြည့်ဆည်းပေးနိုင်သည်များကို ကူညီဖြည့်ဆည်းပေးရန် အသင့်ရှိနေပါကြောင်း၊ ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသကဲ့သို့ ကိုယ့်မြို့နယ်၊ ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ကိုယ်ကိုယ်တိုင်အရင်လုပ်ကိုင်ပြကြရမည် ဖြစ်ပါကြောင်း၊ လက်သည်ကိုချည်းအားကိုးနေ၍ မရဘဲ ကိုယ့်အားကိုယ်ကိုးပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမည်ဖြစ်ပါကြောင်း။

> “သမဝါယမဝန်ကြီးဌာန အနေဖြင့် အောက်ခြေဝန်ထမ်းတွေ အပါအဝင် လိုအပ်နေသော ငွေကြေးအရင်းအနှီးအတွက် ထုတ်ချေးပေးပြီး အချိန်တိုအတွင်း ကားပိုင်၊ ဆိုက်ကားပိုင်၊ မော်တော်ဆိုင်ကယ်ပိုင်၊ အပ်ချုပ်စက်ပိုင်ရှင်များဖြစ်လာအောင် စီမံဆောင်ရွက်ပေးနေပါကြောင်း”

နိဂုံးချုပ်အနေဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မည်။ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ပြီး တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများရှိနေပါကြောင်း၊ လူတစ်ဦးချင်းစီ အလုပ်ကိုကြိုးစား လုပ်ကိုင်ကြပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် လုပ်ကြကိုင်ကြမည်ဆိုလျှင် အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းတင်ပြရာ၌ ယနေ့အခမ်းအနားမှာ ပြည်သူများအတွက် လိုအပ်နေသည့် အသေးစားချေးငွေထုတ်ပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အခမ်းအနားဖြစ်ပါကြောင်း။

သမဝါယမ ဝန်ကြီးဌာနအနေဖြင့် အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပြည်သူများ လတ်တလော သက်သာချောင်ချိမှု ရရှိစေရေးကို သာမက နောင်လေးငါးနှစ်အတွင်း ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်လာနိုင်အောင်၊ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် မျှော်မှန်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ချေးငွေ ချေးယူလိုသူပြည်သူများအနေဖြင့် စိတ်တူကိုယ်တူ သဘောတူယုံကြည်စိတ်ချနိုင်သူ အနည်းဆုံး ငါးဦးစီပါဝင်သည့် ဝိုင်းကြီးချုပ်အဖွဲ့များကို ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ ဝိုင်းကြီးချုပ်များ ဖွဲ့စည်း၍ ယင်းအဖွဲ့များပါဝင်သည့် ကျေးရွာအခြေခံ သမဝါယမအသင်းများကို ဖွဲ့စည်းကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဖွဲ့စည်းရာတွင် အသင်းကို မှန်ကန်စွာ ဦးဆောင်နိုင်ပြီး အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်သည့် လူပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးနိုင်ရန် လိုပါကြောင်း၊ ထို့နောက် အသင်းသားများက အဆိုပြုသည့် ချေးငွေကို စိစစ်ပြီး အသင်းမှတစ်ဆင့် ငွေထုတ်ချေးမည်ဖြစ်ပါကြောင်း။

ယခုအခါ ပျမ်းမျှအားဖြင့် အိမ်ထောင်စုတစ်စုကို ကျပ်တစ်သိန်းနှုန်း ချေးပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ကျပ်တစ်သိန်းဖြင့် လုပ်ငန်းအရင်းအနှီး မလုံလောက်သည့်အတွက် မှန်မှန်ကန်ကန် လုပ်ကိုင်ပြီး မှန်မှန်ကန်ကန်ပြန်လည်ပေးအပ်သည့် အသင်းသားများကို ကုန်ထုတ်လုပ်နိုင်မှုအပေါ် စိစစ်ပြီး ကျပ်ငါးသိန်းအထိ တဖြည်းဖြည်းတိုးမြှင့် ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ ကျပ်ငါးသိန်းထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း၊

ပြည်တွင်းသတင်း

ကျပ်ငါးသိန်း ထုတ်ချေးပေးသည့် အဆင့်ရောက်သည့်အခါ ချေးယူသူတိုင်းသည် ငွေကျပ်ငါးသောင်း စုဆောင်းခဲ့ရမည် ဖြစ်ပါကြောင်း၊ နောင်ငွေစုငွေချေးလုပ်ငန်း ခိုင်မာအောင်မြင်လာသည့်အခါ အသင်းသားများ၏ စုဆောင်းငွေများကို မူဝါဒချမှတ်ပြီး အရင်းအနှီးအတွက် ပြန်လည်ထုတ်ယူခွင့် ပြုမည်ဖြစ်ပါကြောင်း။

မြို့ပြနေ အခြေခံပြည်သူများအတွက် ယာဉ်ငှား၊ ဆိုင်ကယ်ငှား၊ အပ်ချုပ်စက်ငှားပြီး အလုပ်လုပ်နေရသူဘဝမှ ယာဉ်ပိုင်၊ ဆိုင်ကယ်ပိုင်၊ စက်ပိုင်ဖြင့် အလုပ်လုပ်နိုင်သူ ဘဝရောက်အောင် အရစ်ကျ ငွေချေးစနစ်ဖြင့် ထူထောင်ပေးသည့်အတွက် နောင်တစ်နှစ်၊ နှစ်နှစ်အတွင်း ယာဉ်ပိုင်၊ ဆိုင်ကယ်ပိုင်၊ ဆိုက်ကားပိုင်၊ စက်ပိုင်ဘဝဖြင့် အလုပ်လုပ်နိုင်ကြတော့မည် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး Sustainable Development အခြေအနေကို ရောက်ရှိနိုင်ကြတော့မည် ဖြစ်ပါကြောင်း။

သမဝါယမဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျယ်ပြန့်ထိရောက်အောင် ၂၀၁၅ ခုနှစ်တွင် အသေးစားချေးငွေ လုပ်ငန်းကို တစ်နိုင်ငံလုံးအနှံ့ လွှမ်းခြုံမိအောင် ဆောင်ရွက်ရန် ရည်မှန်းထားပါကြောင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်ပြီး ယနေ့ ဈေးကွက်စီးပွားရေးစနစ်ဖြင့် တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် သမဝါယမလုပ်ငန်းသည် နိုင်ငံစီးပွားရေး၏ ဒုတိယမဏ္ဍိုင် ဖြစ်သည်နှင့်အညီ အဆင့်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

စက်မှုလယ်ယာ စိုက်ပျိုးရေး သမဝါယမအသင်းများအဖြစ် အဆင့်မြှင့်တင်ရာတွင်လည်း မိရိုးဖလာ စိုက်ပျိုးရေးသမဝါယမအသင်းများမှ စက်မှုလယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ နယ်မြေဒေသအခြေအနေ၊ လယ်သမားများ၏ဆန္ဒတို့အပေါ်မူတည်ပြီး စက်မှုလယ်ယာကုန်ထုတ်သမဝါယမအသင်းများ အဖြစ်လည်းကောင်း၊ အခြေခံစက်မှုလယ်ယာကုန်ထုတ် သမဝါယမအသင်းများအဖြစ် လည်းကောင်း၊ စက်မှုလယ်ယာကုန်ထုတ်လုပ်ငန်းဝန်ဆောင်မှုသမဝါယမအသင်းများ အဖြစ်လည်းကောင်း အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ဆည်ရေမရရှိသော ဒေသများမှာ စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေ ရယူအသုံးပြုရေး၊ တစ်ပိုင်တစ်နိုင်၊ ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်အသုံးပြုရေး၊ မျိုးကောင်းမျိုးသန့်အထွက်တိုးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးရေး၊ ဒေသနှင့် လိုက်လျောညီထွေဖြစ်သော Commodity Supply Chain များ ထူထောင်ရေး စသည်တို့ကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပါအဝင် အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်က ရှင်းလင်းတင်ပြရာတွင် နေပြည်တော်ကောင်စီနယ်မြေတွင် လယ်ယာမြေဖွံ့ဖြိုးရေးအတွက် စံပြအဖြစ် ဆောင်ရွက်နေမှု၊ အဆင့်မြင့် စံပြလယ်ယာ ၆၃၃၉ ဧက ဖော်ထုတ်ပေးခဲ့မှု၊ လယ်ယာသုံးစက်ကိရိယာ ၂၅၂ စီး အသုံးပြုနေမှု၊ ယင်းစက်ကိရိယာများ အသုံးပြုနိုင်ရန်အတွက် တောင်သူမိသားစုဝင် ၄၆၂ ဦးအား သင်တန်းပို့ချပေးခဲ့မှု၊ နေပြည်တော်ကောင်စီအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ကျေးရွာအုပ်စု ၁၈၇ ခုမှ တောင်သူ ၈၁၄၂၈ ဦးအား လယ်ယာမြေပိုင်ဆိုင်ခွင့်လက်မှတ်များ ရာနှုန်းပြည့် ထုတ်ပေးပြီးစီးမှု၊ စိုက်ပျိုးစရိတ် ငွေများရရှိရေးအတွက် နေပြည်တော်ကောင်စီကလည်း ငွေများထုတ်ချေးသကဲ့သို့ သမဝါယမအသင်းအဖွဲ့များကလည်း ထုတ်ချေးပေးနေမှု၊ ယခုအချိန်တွင် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် သမဝါယမအသင်းပေါင်း ၂၀၃ သင်း ဖွဲ့စည်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ် ရှစ်မြို့နယ်မှ သမဝါယမအသင်းများအတွက် ပံ့ပိုးချေးငွေများကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က ပေးအပ်ကြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ် လီမိတက်တို့ ပူးပေါင်း၍ ပံ့ပိုးပေးသည့်မော်တော်ယာဉ်၊ အနေးယာဉ်နှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျေးလက်နှင့် မြို့ပြနေ အခြေခံပြည်သူများအတွက် အသေးစားချေးငွေ ကျပ်သိန်းပေါင်း ၇၂၀၆ ဒသမ ၇ သိန်းကို ထုတ်ချေးပေးခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ မြို့ပြနေ အခြေခံပြည်သူများအတွက် တန်ဖိုးငွေကျပ် ၃၃၂၉ သိန်းရှိသော ဆလွန်းအငှားယာဉ် အစီး ၂၀၊ သုံးဘီးဆိုင်ကယ် ၁၄ စီး၊ မော်တော်ဆိုင်ကယ် အစီး ၇၀၊ အနေးယာဉ် အစီး ၂၀၊ အပ်ချုပ်စက် အလုံး ၁၅၀ တို့ကိုလည်း အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း၊ ထို့အပြင် သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ငွေကျပ် ၂၀၄၆ ဒသမ ၇၅ သိန်း တန်ဖိုးရှိသော လယ်ယာသုံးစက်ကိရိယာ ၈၇ စီးကို အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချပေးခဲ့ရာ စုစုပေါင်း ပံ့ပိုးငွေကျပ် ၁၂၅၈၂ ဒသမ ၄၅ သိန်း ရှိကြောင်း သိရသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသော သမဝါယမလုပ်ငန်းများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ မြို့ပြနေအခြေခံပြည်သူများအတွက် သမဝါယမဘဏ်ချေးငွေ၊ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းများ ညှိနှိုင်း၍ အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချပေးထားသည့် အနေးယာဉ်၊ အပ်ချုပ်စက်၊ လယ်ယာသုံးစက်ကိရိယာ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက်ရှိပြီး ဗြိတိသျှကောင်စီနှင့် ဩစတြေးလျနိုင်ငံတို့မှ Native Lecturer နှစ်ဦးစီက ရန်ကုန်မြို့ရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနတွင် အင်္ဂလိပ်စာဌာနများမှ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်ရေးအတွက် အင်္ဂလိပ်စာ ကထိကများ၊ အသစ်ခန့်ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမ ၁၀၀ ကျော်တို့ကို သင်တန်းများ ပို့ချလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ အင်္ဂလိပ်စာ ကထိကများအား စကားပြန်သင်တန်းများကိုလည်း ပို့ချပေးခဲ့ပါကြောင်း၊ အလားတူ ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် ဗြိတိန်နိုင်ငံမှ ထုတ်ဝေသော Straight forward ပြဋ္ဌာန်းစာအုပ်ကို တက္ကသိုလ်များတွင် ပြဋ္ဌာန်းသင်ကြားပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်အားလုံးတွင် ပညာလုပ်ပွဲများကို ကျင်းပပေးလျက်ရှိပြီး တက္ကသိုလ်အဆင့်နှင့် အဆင့်မြင့်ပညာဦးစီးဌာန အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများသည် ဗဟိုအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း၊ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ကျင်းပခဲ့ပြီး ယခု ပြိုင်ပွဲတွင်မူ ယှဉ်ပြိုင်သူတစ်ဦးအနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် စာစီစာကုံး၊ စကားဝိုင်းဆွေးနွေးပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲသုံးမျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ရပါကြောင်းဖြင့် အပ်ထားသော အင်္ဂလိပ်စာနည်းပြ ၁၄၀ ၊ သင်ကြားရေးဌာနအသီးသီးမှ နည်းပြ၊ သရုပ်ပြအသစ် ၁၅၀၀ နှင့် သင်နှစ်ဝက်တိုင်း အင်္ဂလိပ်ဘာသာဖြင့် စာစီစာကုံး၊ ကျပန်းစကားပြော၊ စကားဝိုင်းဆွေးနွေးပွဲနှင့် စကားရည် ရှင်းလင်းပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗဟိုအဆင့် အင်္ဂလိပ်ဘာသာ စွမ်းရည်ပြိုင်ပွဲ ဘွဲ့လွန်နှင့် ဘွဲ့ကြိုပြိုင်ပွဲတွင် ဒုတိယဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဗဟိုအဆင့် အင်္ဂလိပ်ဘာသာစွမ်းရည် ပြိုင်ပွဲ ဘွဲ့လွန်နှင့် ဘွဲ့ကြိုပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဗဟိုအဆင့် အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ ဘွဲ့လွန်နှင့် ဘွဲ့ကြိုပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများချီးမြှင့်

ယင်းနောက် နိုင်ငံတော်သမ္မတက ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲ သုံးမျိုးပေါင်း ပထမဆုရ မန္တလေးတက္ကသိုလ်မှ မောင်ညီညီထွေး၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲပထမဆုရ ရန်ကုန်တက္ကသိုလ်မှ မသူသူနိုင်၊ စကားဝိုင်းဆွေးနွေးပွဲပထမဆုရ ရန်ကုန်တက္ကသိုလ်မှ မခိုင်မြတ်သွယ်အောင်နှင့်အဖွဲ့၊ ဘွဲ့ကြိုအဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲ သုံးမျိုးပေါင်း ပထမဆုနှင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်မှ မအဲမွန်စီ၊ စာစီစာကုံးပြိုင်ပွဲ ပထမဆုရ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်မှ မဆုအိမ်စည်နှင့် စကားဝိုင်းဆွေးနွေးပွဲ ပထမဆုရ ကလေးတက္ကသိုလ်မှ မောင်လာစီးလျန်နှင့်အဖွဲ့တို့အား ဆုများချီးမြှင့်သည်။

ရုပ်သိမ်း

ဆက်လက်၍ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒေါက်တာကိုကိုဦးတို့က ဘွဲ့လွန်နှင့် ဘွဲ့ကြိုအဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပခဲ့သည့် ပြိုင်ပွဲတွင် ဘွဲ့လွန်အဆင့် ၁၆ ဦးနှင့် ဘွဲ့ကြိုအဆင့် ၂၄ ဦး စုစုပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်အားလုံးသည် မိမိတို့၏ခံစားချက်များ၊ အယူအဆများနှင့်အမြင်များ၊ ကြောင်းကျိုးဆက်စပ်တွေးခေါ်မှု၊ ပိုင်းခြားဝေဖန်ဆန်းစစ်မှုနှင့် တီထွင်စဉ်းစားနိုင်မှုစွမ်းရည်များကို အသုံးချ၍ ကျွမ်းကျင်သွက်လက်စွာ ယုံကြည်ချက်အပြည့်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲ၏ထူးခြားချက်မှာ ပြိုင်ပွဲဝင်များအား ယှဉ်ပြိုင်ရမည့် ခေါင်းစဉ်များကို အသိပေးထားခြင်း မရှိသည့်အပြင် နိုင်ငံခြားသားအကဲဖြတ်ဒိုင်များက မေးမြန်းသော မေးခွန်းများကို ဖြေဆိုရခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဘွဲ့လွန်နှင့်ဘွဲ့ကြိုပြိုင်ပွဲများတွင် ပထမဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဒုတိယဆုရရှိသူများကို လည်းကောင်း၊ ဒုတိယသမ္မတဦးညဏ်ထွန်းက တတိယဆုရရှိသူများကိုလည်းကောင်း ၎င်းတို့ သီးခြားဂုဏ်ပြုချီးမြှင့်သည့်ဆုများကို ကိုယ်တိုင်ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ငါး၊ ပုစွန် သားဖောက်သင်တန်းတက်ရောက်ရန် သင်တန်းသား ဖိတ်ခေါ်ခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိုးရာသီကာလအတွင်း ငါး၊ ပုစွန်သားဖောက်သင်တန်းများအား တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို သင်တန်းတက်ရောက်နိုင်သည်။

သင်တန်းတက်ရောက်လိုသူများသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ ဩဂုတ် ၂၅ ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်သတင်းပို့ တက်ရောက်နိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရေငန်ငါး/ပုစွန် သားဖောက်သင်တန်းများ ပို့ချမည်ဖြစ်၍ ကျန်တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့တွင် ရေချိုငါးသားဖောက်သင်တန်းများအား ပို့ချသင်ကြားသွားမည်ဖြစ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဒေသန္တရအုပ်ချုပ်မှုနှင့် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုကဏ္ဍရပ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ဩဂုတ် ၁၈ ရက်နံနက်ပိုင်းတွင် ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုများဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့အခမ်းအနားကိုစတင်ခဲ့ရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ခင်စန်းရီက အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့နှင့်ပတ်သက်၍အကျဉ်းချုပ် ပြန်လည်ဆွေးနွေးတင်ပြသည်။

ယနေ့တွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး ၂၀ အပါအဝင် အစိုးရဌာနကိုယ်စားလှယ် စုစုပေါင်း ၁၁၆ ဦး၊ UNDP နှင့်ဖိတ်ကြားထားသော ကိုယ်စားလှယ် ၇၄ ဦး စုစုပေါင်း ဆွေးနွေးပွဲတက်ရောက်သူ ၁၉၀ ဖြင့် ဆက်လက်ကျင်းပခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက New Initiatives for People-Centered Development in Myanmar ခေါင်းစဉ်ဖြင့် Key Note Presentation ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် Myanmar Development Resource Institute (MDRI) ၏ ညွှန်ကြားရေးမှူး ဒေါက်တာ တင်မောင်သန်းဦးဆောင်၍ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများမှ ဥပမာများကို စံနမူနာထား၍ လေ့လာသုံးသပ်တင်ပြဆွေးနွေးကြရာ UNDP ၏ Local Governanace and Decentralization Advisor, Ms.Thusitha Pilapitiya မှ People Centered Development and Public Private Partnership (PPP) ခေါင်းစဉ်ဖြင့် Powerpoint Presentation ကို လည်းကောင်း၊ လာအိုနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့နေရာစီမံအုပ်ချုပ်မှုနှင့် အမျိုးသားအဆင့် အစိုးရ၏ Programme Manager Mr.Nisith Keopanya မှ Public Administration Reform to improve service delivery ခေါင်းစဉ်ဖြင့် Powerpoint Presentation ကိုလည်းကောင်း၊ Mr. Bodh Raj Niroual, Joint Secretary, Ministry of Federal Affairs and Local Development, Nepal မှ Local governance and community-led development ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Mr.T.R. Raghunandan, Independent Expert (ex.IAS Officer), India မှ Access to information for more people-centered service delivery and accountability ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Powerpoint Presentation များ ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်းတွင် People Centered Services-Opportunities and Challenges for Myanmar ခေါင်းစဉ်အောက်တွင် အုပ်စုဖွဲ့ဆွေးနွေးခြင်း (Group Discussion) ကို အောက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြသည်-

(က) Public Private Partnership (PPP) for people centered service delivery
(ခ) Citizens' Participation in local Planning and inclusive service delivery
(ဂ) Improved transparency and access to information
(ဃ) Improving organizational and institutional capacities for enhanced service

အဆိုပါ အုပ်စုဖွဲ့ဆွေးနွေးခြင်းမှ ရရှိလာသော ဆွေးနွေးချက်ရလဒ်အဖြေများကို မျက်နှာစုံညီဆွေးနွေးခြင်းအပိုင်း (Plenary Session) တွင် ထပ်မံ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ နောက်ဆုံးအပိုင်းဖြစ်သည့် Session 5:translating Experiences into Practice-what do we take away? အတွက် နိုင်ငံတော်သမ္မတ အကြံပေး ဦးကိုကိုလှိုင်က ဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မွန်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ USAID ၏ Mission Director၊ Mr.chris Milligan၊ UNDP Myanmar မှ Mr.Toily Kurbanov၊ Myanmar Development Resource Institute (MDRI)မှ ဒေါက်တာဇော်ဦးတို့က အပြန်အလှန် ဆွေးနွေးတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNDP တို့ ပူးတွဲကျင်းပသည့် Good Local Governance and People Centered Services အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယခုကျင်းပပြီးစီးခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဒေသန္တရအုပ်ချုပ်မှုနှင့်ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုကဏ္ဍရပ်များနှင့်ပတ်သက်၍ အဓိကထားဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအသေးစိတ်ဆွေးနွေးချက်များကို UNDP ဘက်မှ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ပြုစုဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုနယ်ချဲ့ခြင်းအန္တရာယ် မော်လူးဒေသတွင် ဟောပြော

မော်လူး ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးအခြေခံပညာ အထက်တန်းကျောင်း သရဖီခန်းမဆောင်တွင် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက ယဉ်ကျေးမှုနယ်ချဲ့ခြင်းအန္တရာယ်အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက အမျိုးသမီးရေးရာအဖွဲ့ ပေါ်ပေါက်လာပုံ၊ လုပ်ဆောင်ချက်၊ ရည်ရွယ်ချက်များအကြောင်း၊ ကျောင်းသူများအား မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှုများကို လက်ဆင့်ကမ်းထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ယဉ်ကျေးမှုနယ်ချဲ့ခြင်း အန္တရာယ်ကို ကြိုတင်သိရှိကာကွယ်တားဆီးနိုင်ရန် အကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲအပြီး

မော်လူးအခြေခံပညာ အထက်တန်းကျောင်းမှ လူရည်ချွန်ဆုရရှိသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသူ မအေးမိလှိုင်အား ဂုဏ်ပြုဆုများ ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်၊ မဂ္ဂဇင်းနှင့် အသိပညာပေးစာဆောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နီတိုး**

ပေသီးစိတ်တွက်သင်္ချာပြိုင်ပွဲ၌ ထူးချွန်ဆုရသူများကို ဂုဏ်ပြု

မန္တလေး ဩဂုတ် ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကျင်းပခဲ့သော နိုင်ငံတကာ ပေသီးစိတ်တွက် သင်္ချာပညာ အရည်အချင်းဖြေဆိုပွဲတွင် ထူးချွန်အထူးဆုများနှင့် ပထမဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ ၂၇ လမ်းနှင့် ၆၄ လမ်းထောင့်ရှိ အိုရီယမ်တယ်ဟောက်စ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်း၊ မန္တလေးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဘိုလွင်၊ မြန်မာစိန်မေ့ ပေသီးစိတ်တွက် သင်္ချာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဆရာကြီးရှီချွမ်းမင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်၊ တောင်ကြီး၊ မြစ်ကြီးနား၊ လားရှိုး၊ မူဆယ်တို့ရှိ မြန်မာစိန်မေ့ ပေသီးစိတ်တွက် သင်္ချာကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဘိုလွင်၊ ကျောင်းအုပ်ကြီး ဆရာကြီးရှီချွမ်းမင့်တို့က အမှာစကားပြောကြားကြပြီး ကျောင်းသူတစ်ဦး၏မိခင် မြစ်ကြီးနားမြို့ဆေးရုံအုပ် ဒေါက်တာ တင်ညိုညိုနှင့်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာစိန်မေ့ ပေသီးစိတ်တွက်သင်္ချာသင်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက ပေသီးစိတ်တွက်သရုပ်ပြ ယှဉ်ပြိုင်ပြသကြသည်။

ယင်းနောက် နိုင်ငံတကာ ပေသီးစိတ်တွက်သင်္ချာပြိုင်ပွဲတွင် အထူးထူးချွန်ဆုရရှိသူများ၊ ပထမဆုရရှိသူတို့အား တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းနှင့်တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ကလေးမြို့လမ်းဆုံဗန္ဒုလမြင်းစီးကြေးရုပ်နေရာပြောင်း၍ဆိုလာမီးပွိုင့်တပ်မည်

ကလေး ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လမ်းဆုံနေရာရှိ ဗန္ဒုလမြင်းစီးကြေးရုပ်ကို မြို့တော်ခန်းမအတွင်းသို့ ပြောင်းရွှေ့နေရာချထားပြီး လမ်းဆုံနေရာတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်လျက် ဆိုလာစနစ်သုံးမီးပွိုင့်ကို တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလမ်းဆုံက မီးပွိုင့်တပ်ဆင်သင့်ပါတယ်။ အမြဲတမ်းယာဉ်သွား၊ ယာဉ်လာက ပြတ်တယ်မရှိပါဘူး။ ကလေးမြို့မှာတော့ အစည်ကားဆုံးနေရာတစ်ခုပါပဲ။ ဒုတိယကတော့ ပင်လုံလမ်းဆုံပေါ့။ ယာဉ်ထိန်းရဲတွေကလည်း ပညာပေးမှုတွေလုပ်နေပေမယ့် တချို့ဆို ယာဉ်စည်းကမ်းကို နားမလည်သေးပါဘူး။ လမ်းဆုံကလည်း ကလေးဝမြို့ဘက်က လာရင်လည်းလမ်းဆုံပဲ။ ဂန့်ဂေါဘက်ကလာရင်လည်း လမ်းဆုံကိုရောက်တာပဲ၊ တောင်ပေါ်ဒေသက လာရင်လည်း လမ်းဆုံကိုရောက်တာပဲဆိုတော့နေ့စဉ်နီးပါးကိုယာဉ်အန္တရာယ်ဖြစ်နေတာပါ။ မီးပွိုင့်တပ်ဆင်ပြီးပြီဆိုလျှင်လည်း မီးပွိုင့်ရဲ့စနစ်တွေ၊ မီးပွိုင့်ကိုကြည့်ရမယ့်နည်းလမ်းတွေ၊ မီးစိမ်းရင်ဘာလုပ်ရမယ်၊ မီးနီရင်ဘာလုပ်နေရမယ်၊ မီးကဝါနေရင်ဘာလုပ်ရမယ်ဆိုတာကို ပညာပေးရပါဦးမယ်။ ဒါမှသာ ပြည်သူတွေက နားလည်ပြီး ဆောင်ရန်၊ ရှောင်ရန်တွေ သိမှာပါ"ဟု လမ်းဆုံအနီးတွင် နေထိုင်သူတစ်ဦးက ပြောသည်။ ဗန္ဒုလမြင်းစီး ကြေးရုပ်ကြီးကို မြို့တော်ခန်းမတွင် ထားရှိမည်ဆိုပါက မြင်း၏ဦးခေါင်းမည်သည့်ဘက်သို့ ဦးတည်မည်ကိုလည်း မြို့ခံများက စိတ်ဝင်စားနေကြကြောင်း သိရသည်။ **သျှင်နေမင်း**

မြို့နယ်သတင်းတိုများ

ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှု ထပ်ဆင့်ရှင်းလင်း

ရွှေဘို ဩဂုတ် ၁၉

ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၇ နာရီက ရွှေဘိုခရိုင် တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစန်းကို၊ ရွှေဘိုခရိုင် တရားသူကြီး ဒေါ်မြင့်မြင့်ဌေး၊ ကသာခရိုင် တရားသူကြီး ဦးမောင်ကျော်နှင့် ရွှေဘို-ကသာခရိုင်မှ တရားသူကြီးများ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်၊ မှုခင်းလက်ကျန် လျှော့နည်းကျဆင်းရေး၊ ကြန့်ကြာနေသည့် ပြစ်မှု၊ တရားမဇာရီ မှုခင်းများ အမြန်ပြီးပြတ်ရန်၊ အချုပ်တရားခံလျှော့နည်းကျဆင်းရေး၊ တရားရုံး၏ ဂုဏ်သိက္ခာမြှင့်မားရေး၊ တရားစီရင်ရေးအခြေခံမူများနှင့်အညီဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စပါးသယ်ထော်လာဂျီယာဉ်တိမ်းမှောက်

ရေဦး ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက်၊ အထက(၂)ကျောင်းအနီး ရေဦး-ကလေးဝလမ်းမကြီးပေါ်တွင် ဩဂုတ် ၁၅ ရက် ညနေ ၅ နာရီက စပါးအပြည့်သယ်ဆောင်လာသည့် ထော်လာဂျီယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီက စပါးသယ်ယာဉ်အမှတ် ၇၅/ . . . (အပြာရောင်)ယာဉ်မောင်း ဦးရဲကျော် ပန်းကုံးကျေးရွာနေသူသည် အင်တောကျေးရွာအုပ်စု ပန်းကုံးကျေးရွာမှ ရေဦးမြို့သို့ ခွဲလှေ့ပြီးစပါးများ ယာဉ်အပြည့်ဖြင့် သယ်ဆောင်ကာ မောင်းနှင်လာစဉ် ဗိုလ်အောင်ဇေယျရပ်ကွက် အထက(၂) ကျောင်းအနီးအရောက်တွင် လမ်းချော်ပြီး ပြန်တက်ရာမှ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့်အတူ လိုက်ပါလာသော လူနှစ်ယောက်မှာ ပွန်းပဲ့ဒဏ်ရာများ ရရှိသွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်ပြီး ယာဉ်မောင်းဦးရဲကျော်ကို မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

ထီးချိုင့်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ထီးချိုင့် ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အမှတ်(၂) ရပ်ကွက်တွင် WY စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် ည ၈ နာရီ မိနစ် ၂၀ က ထီးချိုင့်ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ် သောင်းထိုက်ဦးနှင့်ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များသို့ လှည့်ကင်းဆောင်ရွက်နေစဉ် ထီးချိုင့်မြို့ ရပ်ကွက်(၂) ဈေးကုန်းရပ် ကျောက်စေတီလမ်းမပေါ်တွင် အောင်ကျော်သက်ဆိုသူကို မသင်္ကာဖွယ်တွေ့ရှိ၍ သက်သေခံ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ ဦးအုံးကြိုင်တို့ရှေ့တွင် စစ်ဆေးရှာဖွေရာ အောင်ကျော်သက် ဝတ်ဆင်ထားသော ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ ပလတ်စတစ်အိတ်ကြည်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၈၆ ပြား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားလက်ဝယ်ကိုင်ဆောင်ထားသူ အောင်ကျော်သက် (၂၅ နှစ်)ယာဉ်မောင်း အမှတ်(၁) ရပ်ကွက် ထီးချိုင့်မြို့နေသူအား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

ဘိန်းစိမ်းနှင့်စိတ်ကြွဆေးပြားများဗန်းမော်၌ဖမ်းဆီးရမိ

ဗန်းမော် ဩဂုတ် ၁၉

ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခန့်က ဗန်းမော်(အထူး)မှုးယစ်မှု ရဲအုပ်မြင့်ဝင်းနှင့်အဖွဲ့သည် သတင်းအရဗန်းမော်မြို့နယ် မန်ရွတ်ကျေးရွာတံတားထိပ်တွင် စောင့်ဆိုင်းနေစဉ် ဗန်းမော်ဘက်မှ လင်မယားနှစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဝင်းသန်း၏ဘောင်းဘီတို ညာဘက်အိပ်ကပ်အတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသည့် ဘိန်းစိမ်းအလေးချိန် ၁၀၅ ဂရမ်တစ်ထုပ်တွေ့ရှိခဲ့ပြီး ဟန်းတဲရပ်ကွက်နေ ဆန်းမေရီနှင့် ရိုးကြီးရပ်ကွက် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ တိမ်းရှောင်စခန်းတွင် နေထိုင်သူ အောင်မျိုးခိုင်တို့ထံမှ ဝယ်ယူခဲ့ကြောင်းသိရသဖြင့် ဆန်းမေရီ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးမတွေ့ရှိကြောင်း၊ ရိုးကြီးရပ်ကွက်ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ တိမ်းရှောင်စခန်းနေသူ အောင်မျိုးခိုင်နှင့်စောသန်းထွေးတို့ အခန်းကို ဝင်ရောက်ရှာဖွေရာ အခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားပါ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်တစ်အိတ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပါအပြာရောင်ပလတ်စတစ်ကပ်ခွာအိတ် တစ်အိတ် စုစုပေါင်း ၃၅၈ ပြား (အလေးချိန် ၃၈ ဒသမ ၅ ဂရမ်)နှင့် ဘိန်းစိမ်း ၁၀၆ ဒသမ ၃၃ ဂရမ်ပါ တစ်ထုပ်တွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းသန်း (၃၉ နှစ်)နှင့် ဇနီးဖြစ်သူ စန်းစန်းဝင်း (၃၃ နှစ်)၊ ဆန်းမေရီ (ခ)နှင်းကြည်(ခ)မည်(၄၁ နှစ်)၊ အောင်မျိုးနိုင်(ခ)ခိုင်ခိုင်(၁၉ နှစ်)၊ စောသန်းထွေး(၁၉ နှစ်)တို့ကို ဗန်းမော်ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းတံတားသား**

ဒုတိယဝန်ကြီး ဗဟိုလေ့ကျင့်ရေးကျောင်းစစ်ဆေး ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းသည် ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူး၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားများအား တွေ့ဆုံအမှာစကားပြောကြားပြီးကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံကာ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** ကျောင်းရှိ အိပ်ဆောင်နှင့် စာသင်ဆောင်များကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်ရှိ ရီဒ်ရေကန်ပတ်လည်ဝန်းကျင် ရေဝေရေလဲဧရိယာအဖြစ် ထိန်းသိမ်းရန်စီစဉ်

ရိခေါဒါရ် ဩဂုတ် ၁၉

ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ အသည်းပုံရေကန်ဟု လူသိများသော ရိဒ်ရေကန်ပတ်လည် ပတ်ဝန်းကျင်ဒေသများကို ရေဝေရေလဲ ဧရိယာအဖြစ် ထိန်းသိမ်းရေးစီမံကိန်းကို ယခုနှစ်စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ရေဝေရေလဲဧရိယာအဖြစ် သတ်မှတ်ရခြင်းမှာ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်နိုင်ရန်နှင့် ရိဒ်ရေကန်၏ အထက်ပတ်လည်ဝန်းကျင် ဧရိယာဧက ၆၆၀ ကို ရေဝေရေလဲဧရိယာအဖြစ် ထိန်းသိမ်းသွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးထံ ဇူလိုင်လအတွင်းက တင်ပြခဲ့ရာ ခွင့်ပြုချက်ရပြီးဖြစ်သောကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်သည့်အချက်များ ရရှိစေရန်ယင်းသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ငြိမ်းက ပြောကြားကြောင်း သိရသည်။

၎င်းက "ရိဒ်ရေကန်ပတ်လည် တောင်ကုန်းတောင်တန်းက သစ်တောဧရိယာတွေကို ကွင်းဆင်းစစ်ဆေးမယ်။ ပြည်သူဆီက စစ်တမ်းတွေကောက်ယူပြီးသဘောတူလက်ခံမှ ရိဒ်ရေကန်ကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာပေးမယ်" ဟုဆိုသည်။

ရိဒ်ရေကန်ပတ်လည်ရှိ တောင်ကုန်းတောင်တန်းများတွင် သစ်ပင်များထပ်မံတိုးချဲ့စိုက်ပျိုးခြင်းနှင့် ဒေသခံလူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို စီမံချက်ချဆောင်ရွက်သွားမည်ဖြစ်ရာ စစ်တမ်းများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနထံ တင်ပြ၍ ရိဒ်ရေကန်ကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ပေးရန် ခွင့်ပြုချက်တောင်းယူမည်ဖြစ်သည်။

ရိဒ်ရေကန် ပတ်ဝန်းကျင်တွင် ဒေသခံများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်ပြီး ရိဒ်ရေကန်ကို သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်နိုင်ရန် ဒေသခံများ၏ သဘောဆန္ဒကိုလည်း ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ရိဒ်ရေကန်သည် ဧရိယာ ၈၃၂ ဧကကျယ်ဝန်း၍ ရေကန်၏အထက်ပတ်ဝန်းကျင်တွင် လူနေအိမ်နှင့်မြို့ရွာချထားခွင့်မလုပ်ရန် ပြည်နယ်အစိုးရကတားမြစ်ထားပြီး ချင်းလူမျိုးများက ချင်းပြည်နယ်၏ အမျိုးသားသင်္ကေတအဖြစ် တန်ဖိုးထား သတ်မှတ်ထားကြသည်။

ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်တွင်ကျောက်ပန်းတောင်းဘေးမဲ့တောနှင့် နတ်မတောင်အမျိုးသားဥယျာဉ်တို့အပြင် ဖလမ်းနှင့် ဟားခါးမြို့နယ်များရှိ ဘွေပါးတောင်၊ ဇိမ်မူတောင်တို့ကိုလည်း သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

မန္တလေးမြို့နှင့် အထက်မြန်မာပြည်မြို့များ၏ ခရီးသွားလုပ်ငန်းများနှင့် လေကြောင်းလိုင်းများအတွက် အထောက်အကူပြုမည့် သင်တန်းဖွင့်မည်

မန္တလေး ဩဂုတ် ၁၉

မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ၂၀၁၃ ခုနှစ်မှစတင်၍ နိုင်ငံတကာ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းလာသည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ မန္တလေးမြို့သို့ တိုက်ရိုက်ဝင်ပေါက်တစ်ခု အဖြစ် လည်ပတ်လေ့လာလျက်ရှိသည်ကို တွေ့ရပြီး ခရီးသွားကုမ္ပဏီများက ခရီးစဉ်များ ရေးဆွဲရာတွင်လည်း မန္တလေးမြို့ကို အခြေပြုပြီး ခရီးစဉ်အသစ်များ ရေးဆွဲလာကြသည်။

ယခင်က ရန်ကုန်မြို့တစ်ခုတည်းကိုသာ လေကြောင်းလိုင်းများဆင်းသက်စေသောကြောင့် ဧည့်သည်များအတွက် ရွေးချယ်စရာမရှိခဲ့ဘဲ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာသောနိုင်ငံတော် Open Policy များနှင့်အတူ ခရီးသွားလုပ်ငန်းကုမ္ပဏီများကို တည်ထောင်ခွင့်၊ ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်းများ၊ Hospitality လုပ်ငန်းဆိုင်ရာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်အထိ ခရီးသွားလာမှုဆိုင်ရာ ဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ်လာကြရာ ယခုတစ်ဖန် မန္တလေးနှင့်အထက်မြန်မာပြည်၏ ခရီးသွားလုပ်ငန်းများနှင့် လေကြောင်းလိုင်းများအတွက် အထောက်အကူပြုပေးမည့် Equalink Air Vocational Training Centre ကို ယခုနှစ်စက်တင်ဘာလတွင် စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Centre သည် လေကြောင်းလိုင်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည့် သင်တန်းကျောင်းတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းများတွင် အသုံးပြုနေသော Global System များကို တတ်မြောက်အောင်သင်ကြားပေးနိုင်မည့်အပြင် မြန်မာနိုင်ငံတွင် အသုံးပြုနေသော ကမ္ဘာ့သုံး GDS System ကြီးများဖြစ်သည့် Abauy, Galileo and Amaday System များကို အွန်လိုင်းနှင့် တိုက်ရိုက်ချိတ်ဆက်၍ သင်ကြားနိုင်ကာ လေကြောင်းလိုင်းကြီးများ၏ လုပ်သက်အတွေ့အကြုံရှိ မန်နေဂျာကြီးများ၊ GDS System ကြီးများမှ နိုင်ငံခြားသား ဆရာမများ၊ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများက လေယာဉ်လက်မှတ်၏အခြေခံသဘောတရားများနှင့် ယနေ့အသုံးပြုနေသော e-ticket သဘောတရားများကိုအခြေခံမှစ၍ လေကြောင်းလိုင်းနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများတွင် အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်အောင် သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကျောင်းမှ အောင်မြင်ပြီးသူများကို နိုင်ငံတကာအောင်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပြီး ဘန်ကောက်နှင့် စင်ကာပူမြို့များရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ လေ့လာသင်ယူမှုများ ဆက်လက်လမ်းညွှန်ပေးသွားမည်ဖြစ်သည်။

Equalink Air Vocational Training Centre အနေဖြင့် ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းဆိုင်ရာလုပ်ငန်းအသိပညာ၊ အတတ်ပညာနှင့်ဗဟုသုတများကို တစ်နေရာတည်းတွင် ပြီးပြည့်စုံစွာ သင်ကြားပေးနိုင်မည်ဖြစ်ပြီး အဆိုပါသင်တန်းကျောင်းမှ Travel Industry အတွက် နိုင်ငံတကာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များအကြောင်း၊ အာရှနိုင်ငံများ၏ လည်ပတ်စရာနေရာများ၊ မြန်မာနိုင်ငံအတွင်းရှိ လည်ပတ်စရာနေရာများအတွက် ခရီးစဉ်ရေးဆွဲနည်း အတတ်ပညာများနှင့် အခြားအတတ်ပညာများကိုလည်း ဆက်လက်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

မေးမြန်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် Equalink Air Vocational Training Centre အမှတ်-F (၅) ၁၂လမ်း၊ (၆) လမ်းနှင့် (၇) လမ်းကြား ကွဲဆည်ကန် ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဝိုင်းမော်မြို့နယ်၌ ဘိန်းမည်းဖမ်းဆီးရမိ

ဝိုင်းမော် ဩဂုတ် ၁၉

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်၌ မူးယစ်ဆေးဝါးများသယ်ဆောင်နေကြောင်းသတင်းအရ ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီက မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်မျိုးဝင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် ဝါးရှောင်ကျေးရွာ ကားကျွင့်တံတားအနီး၌ သက်သေများနှင့်စောင့်ဆိုင်းနေစဉ် ဆဒုံးမှဝါးရှောင်ဘက်သို့ မောင်းနှင်ကာ ဒေါ်ထုဘူစိနင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ညာဘက်ဒူးကာအတွင်း အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ပတ်လျက်ဘိန်းမည်းအလေးချိန် ၃၇၀ ဒသမ ၇၈ ဂရမ်ပါတစ်ထုပ်၊ ဘယ်ဘက်ဒူးကာအတွင်း သတင်းစာစက္ကူဖြင့်ပတ်လျက်ဘိန်းခဲအလေးချိန် ၄၂၀ ဒသမ ၂၂ ဂရမ်ပါတစ်ထုပ် စုစုပေါင်းငွေကျပ် ၁၁၈၆၅၀၀ တန်ဖိုးရှိ ဘိန်းမည်း အလေးချိန် ၇၉၁ ဂရမ်ကို စစ်ဆေးဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများ လျှို့ဝှက်သယ်ဆောင်လာသည့် ဇော်ဆိုင်း (၄၀ နှစ်) နှင့် ဒေါ်ထုဘူ (၅၀ နှစ်) တို့ကို ဝိုင်းမော်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

ပြည်တွင်းသတင်း

မြို့နယ်သတင်းတိုများ

တရားစီရင်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

ပြည်နယ်တရားသူကြီးချုပ် ဦးစောစံလင်းသည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသောတရားရေးအရာရှိများ စာတမ်းဖတ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး စာတမ်းရှင်များက ထိုင်းနိုင်ငံ၏ တရားစီရင်ရေးစနစ်အပေါ် လေ့လာတင်ပြခြင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးစာတမ်းများကို ဖတ်ကြားခဲ့သည်။ ယင်းနောက် စာတမ်းဖတ်ပွဲကို တက်ရောက်လာကြသော တရားရေးအရာရှိများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြော

တောင်ငူ ဩဂုတ် ၁၉

စဉ်ဆက်မပြတ်ဆေးပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေး အထူးအစီအစဉ်အရ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ နောက်ဆုံးပေါ် ဆေးကုထုံး ကုသနည်းများအကြောင်းဟောပြောပွဲကို ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)ခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ငူ) နာယက ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာထွန်းအေးက ဆောင်ရွက်ပြီး ရန်ကုန်မြို့ ကလေးဆေးရုံကြီးမှ ပါမောက္ခဒေါက်တာ အေးအေးမြင့်နှင့် တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ကျော်ဦးတို့က ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာကြသည့် ဆရာဝန်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ဟောပြောပွဲသို့ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်များ၊ တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်းရှိ ဆေးရုံဆေးခန်းများမှ ဆရာဝန်များနှင့် အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်ကြကြောင်း သိရသည်။

ဦးကျော်လှ(တောင်ငူ)

တာချီလိတ် အလက ပုန်းထွန်ကျောင်းခွဲ၌ အာဟာရကျွေးမွေး

တာချီလိတ် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အမှတ်(၂)အခြေခံပညာဦးစီးဌာန အလကပုန်းထွန်ကျောင်းခွဲ၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ကျောင်းသား ကျောင်းသူများအား ကြက်သားဆန်ပြုတ်အာဟာရကျွေးမွေးခြင်း အခမ်းအနားကျင်းပရာ အမှတ်(၂)အခြေခံပညာ ဦးစီးဌာနမန္တလေးလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေးမြင့်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ကျောင်းကျန်းမာရေးပညာပေး စာစီစာကုံးပြိုင်ပွဲ၊ ကျန်းမာသန့်ရှင်း ကျောင်းသား ကျောင်းသူဆုနှင့် ကျန်းမာရေးပညာပေး အကောင်းဆုံးအတန်းဆုများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ဆင့်က ချီးမြှင့်ပေးပြီး ကျောင်းသား ကျောင်းသူများကို ကြက်သားဆန်ပြုတ်အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

(လ/ဝ၁၅)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)နှင့် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် သက်ဆိုင်ရာကျောင်းများ၌ ကျင်းပကြသည်။

ဟောပြောပွဲတွင် နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုတိယရဲမှူးမင်းနိုင်က လူကုန်ကူးမှုကမ္ဘာ့နောက်ခံသမိုင်း၊ မြန်မာ့နောက်ခံသမိုင်း၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ လမ်းခရီးအစ၊ အလယ်၊ အဆုံးတို့တွင် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များနှင့် သိထားသင့်သည့်အချက်များ၊ လူကုန်ကူးမှု/လူမှောင်ခိုမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းများ၊ လူကုန်ကူးသူများအသုံးပြုသော နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဟောပြောပွဲသို့ ပုဗ္ဗသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းကျော်၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)** (၁၄၅)

ပြည်တွင်းသတင်း

လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင် နယူးဇီလန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင်သည် Asia New Zealand Foundation ၏ ဖိတ်ကြားချက်အရ အာဆီယံနိုင်ငံများရှိ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်နှင့် နယူးဇီလန်နိုင်ငံတို့ကြား စီးပွားရေးနှီးနှောဖလှယ်မှု ပြုလုပ်နိုင်ရန်အတွက် နယူးဇီလန်နိုင်ငံတွင် ဩဂုတ် ၂၀ ရက်မှ ၃၁ ရက်အထိကျင်းပမည့် ASEAN Young Business Leaders Initiative Program (2 weeks working visit program)သို့ တက်ရောက်ရန်အတွက် ဩဂုတ် ၁၇ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တပ်ကုန်းမြို့နယ်သို့ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်၊ ထော်လာဂျီယာဉ်များ နှစ်လဲမှတ်ပုံတင်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်များသက်တမ်းတိုးခြင်းလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်က ဦးစီးမှူး ဦးကျော်လွင်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (၀၂၁)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၉-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၀၇၀၀၀-၆၆၅၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၀၆၅၀၀-၆၆၄၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈- ၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၈ - ၁၃၀၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၉ - ၇၇၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၁ - ၃၁. ၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅- ၁၅. ၅၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇ - ၁၅၉	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀ - ၂၉၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၅၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀ - ၃၅၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၆၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၂၂၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၄၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၆၀-၇၆၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၁၅-၁၀၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၂၀-၄၃၀
၁၀။	ဝါးခယ်မရုတ်ရှည်	တစ်ပိဿာ	၂၃၀၀-၂၃၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၇၅-၁၀၇၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

BRT စနစ်ဖြင့်ပြေးဆွဲမည့် ယာဉ်စီးခ ငွေကျပ် ၄၀၀ သတ်မှတ်ရန်စီစဉ်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့တွင် ယာဉ်ပိတ်ဆို့မှုကို လျော့ပါးစေရန် အထောက်အကူဖြစ်စေမည့် BRT Bus Rapid Transit စနစ်ဖြင့် စတင်ပြေးဆွဲရန် စီစဉ်နေချိန်တွင် ပါဝင်ပြေးဆွဲရန် အဆိုပြုထားသောပုဂ္ဂလိကကုမ္ပဏီက ဘတ်စ်ကား ၈၀ ပြေးဆွဲရန်စီစဉ်ထားပြီး ၁၂ စီးကို အရန်အဖြစ်ထားကြောင်း၊ ယာဉ်စီးခကို ငွေကျပ် ၄၀၀ သတ်မှတ်ထားကြောင်း၊ ဘယ်မှတ်တိုင်ကပဲစီးစီး ငွေကျပ် ၄၀၀ ပဲဖြစ်ကြောင်း အဆိုပါကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားချက်ကို ဩဂုတ် ၁၈ ရက်က မီဒီယာများတွင် သတင်းဖော်ပြကြောင်း မြို့တွင်းသွား ခရီးသွားများက ဆိုသည်။

ယခုအခါ တစ်နေ့လုပ်အားခ ပျမ်းမျှငွေကျပ် ၃၀၀၀ သာရရှိချိန်တွင် BRT ကားခအသွားအပြန် ငွေကျပ် ၈၀၀ ဖြစ်နေရာ လူများစု လက်လှမ်းမမီနိုင်ကြောင်း၊ ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးကို အများပြည်သူအတွက် ဝန်ဆောင်မှုကောင်းဖြစ်စေလိုကြောင်း၊ အစိုးရသစ်လက်ထက်တွင် မော်တော်ယာဉ်ဈေးနှုန်း၊ ဖုန်းဈေးနှုန်းများ မမျှော်မှန်းထားရဲသောဈေးနှုန်းအတိုင်းအတာတစ်ခုအထိ ကျဆင်းလာသည်ကို ပွင့်လင်းစွာမြင်တွေ့ရကြောင်း၊ဈေးနှုန်းကြီးမြင့်နေသော ဖုန်းပြောခနှုန်းများ မကြာမြင့်မီကာလတွင် သိသာစွာကျဆင်းရန်ရှိသည့် သတင်းများထွက်ပေါ်နေချိန်တွင် ရန်ကုန်မြို့တွင်း နေ့စဉ်သန်းချီအသုံးပြုနေသော မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးစနစ်တွင် စီးပွားရေးဆန်စွာ ထပ်မံ၍ ကားခနှုန်း မြှင့်တင်မည်ဆိုသော သတင်းစကားများအတိုင်း ဖြစ်ပေါ်လာလျှင် အများပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရန်ကုန်မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆင်းရဲမှုလျော့ပါးရေးနှင့် ယာဉ်ပိတ်ဆို့မှုလျော့ပါးရေးနှစ်မျိုးစလုံးပေါ် အခြေခံ ခွင့်ပြုပေးစေလိုကြောင်း ရန်ကုန်မြို့တွင်း ခရီးသွားများက ဆိုသည်။

ခင်ဆိုင်

ဖိတ်ကြားခြင်း

အထက ဒဂုံ(၁)မှ ၂၀၁၂-၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူများက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးခဲ့ပါသော ကျေးဇူးရှင် ဆရာ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါသောကြောင့် အောက်ပါအချိန်အတိုင်း တက်ရောက်ပေးပါရန် ကျောင်းသားကျောင်းသူများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - ဒဂုံသီရိခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကူမဲအထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲရင့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်လလို့ ၂/ဒမဆ(နိုင်)၀၁၅၇၄၈ ဖြစ်ပါကြောင်း။
ဦးမောင်လလို့

[illegible]

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက်
အဆိုပြုလွှာ(အိတ်ဖွင့်တင်ဒါ)များ ခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ လောလောဆယ်အနေနှင့် (ရေဒီယိုစခန်းတည်ဆောက်တပ်ဆင်ရာတွင် လိုအပ်မည့်အခြေခံလုပ်ငန်းများ) Site Acquisitions & Survey, Technical Building တည်ဆောက်ခြင်း၊ Tower တည်ဆောက်ခြင်း Power System တည်ဆောက်ခြင်းစသည့် လုပ်ငန်းတို့အား Turn Key အနေနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတစ်ဝန်းတွင် စခန်းပေါင်း ၄၀၀ ခန့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်တွင်းမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကုမ္ပဏီများအား (Technical/ Cost/ Business Model) Proposal အဆိုပြုလွှာ(အိတ်ဖွင့်တင်ဒါ)များ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပြုလွှာတင်သွင်းရန်အတွက် လိုအပ်သည့် အသေးစိတ်အချက်အလက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် တစ်စုံလျှင် ၅၀၀၀၀ိ/-(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော်(ဒက္ခိဏသီရိအိတ်ချိန်းဝင်း)
ဖုန်း-၀၉-၄၄၈၀၀၀၀၂၃

၄။ တင်သွင်းသူသည် ကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ်တိတိ)ကို စိတ်ဝင်စားကြေးအဖြစ် ဌာနသို့ ပေးသွင်းရပါမည်။

၅။ အဆိုပြုလွှာ တင်သွင်းရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့် ကိုက်ညီရမည့်အပြင် လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

၆။ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၀ရက် ရုံးချိန် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၅၅၉၉၊ ၀၉-၄၂၀၁၅၅၇၇
၀၉-၄၄၀၀၁၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

အထူးကျေးဇူးတင်လွှာ

အခရိုမဂလီ(Acromegaly) ရောဂါဝေဒနာခံစားနေရသော အရပ်(၇)ပေ (၁၀)လက်မရှိ ဝင်းဇော်ဦးအား စင်ကာပူနိုင်ငံသို့ သွားရောက်ဆေးကုသနိုင်ရန်အတွက် ဆေးကုသစရိတ် မြန်မာငွေကျပ်သိန်း ၁၀၀ လှူဒါန်းသော ဇရာဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်အား အထူးကျေးဇူးတင်ရှိပါသည်။

ဥက္ကဋ္ဌ
Save Win Zaw Oo
ဝင်းဇော်ဦးအသက်ကယ်ရန်ပုံငွေရှာဖွေရေးအဖွဲ့
ဖုန်း-၀၉-၈၆၀၁၃၄၅

၁၆-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇)ပါ ဦးမြင့်အောင် (AGTI)၏
အသိပေးစာအား အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးမြင့်အောင်သည် အိမ်ထောင်ဦးစီးအဖြစ် မိသားစုစားဝတ်နေရေးအတွက် တာဝန်မဲ့ခဲ့သူဖြစ်ပါသည်။ သမီးနှစ်ဦး၏ပညာရေး၊ စားဝတ်နေရေးအတွက် ကျွန်မကိုယ်တိုင်ကျွေးမွေး စောင့်ရှောက်နေသည်ကို ရှက်ရကောင်းမှန်းမသိဘဲ အောက်တန်းကျစွာ ပြောဆိုပြုမူဆောင်ရွက်ခဲ့သည့်အပြင် ကျွန်မနှင့် ဦးလေးဖြစ်သူ ဦးကျော်ဝင်း(မင်္ဂလာဆောက်လုပ်ရေးနှင့်ရတနာလုပ်ငန်း) မိဘနှစ်ပါး သမီးနှစ်ဦးတို့ အရှက်သိက္ခာကျစေရန် ဆောင်ရွက်လာကြောင်း သတင်းစာတွင် တွေ့ရပါသည်။

၁၈-၇-၂၀၁၃ရက်တွင် သမီးကြီး၏ ပညာရေးကိစ္စအချေအတင်ပြောဆိုရာမှ ကျွန်မအား ဒဏ်ရာအနာတရရရှိအောင် နှိပ်စက်မှုပြု၍ မိဘနေအိမ်တွင် သမီးနှစ်ဦးနှင့်အတူ နေထိုင်နေခြင်းဖြစ်ပါသည်။ သမီးနှစ်ဦးရှေ့ရေးအတွက် ကျွန်မကြိုးပမ်းရှာဖွေစုဆောင်းထားသည်များကိုအပိုင်စီးရန် အရည်အချင်းမဲ့သူပီပီ ကြံစည်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဦးမြင့်အောင်၏လုပ်ရပ်အပေါ် ရပ်တန်းကရပ်ရန်နှင့် တစ်ပတ်အတွင်း ပြန်လည်ဝန်ချတောင်းပန်ရန် အသိပေးအပ်ပါသည်။ တောင်းပန်မှုမပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းအသိပေးလိုက်ပါသည်။

ဒေါ်သွယ်သွယ်အေး ၉/မခန(နိုင်)၀၁၀၈၉၈

မဆွေဇင်ဖြူဝင်းနှင့် အများသိစေရန်

ကျွန်တော်၏ဇနီး မဆွေဇင်ဖြူဝင်း ၁၂/မဂဒ(နိုင်)၁၁၇၃၆၄ ထောက်ကြန့်သည် ၃၀-၇-၂၀၁၃ရက် ညနေ ၄နာရီဝန်းကျင် ကျွန်တော်ခေတ္တအပြင်သွားခိုက် ရွှေ၊ ငွေ၊ လက်ဝတ်လက်စား၊ အသုံးအဆောင်များ (စုစုပေါင်းကာလတန်ဖိုး ကျပ်သိန်း ၃၀၀ခန့်) အား ယူဆောင်၍ ၎င်း၏သဘောဆန္ဒအလျောက် စမ်းချောင်းလမ်းနေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်၍ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ပြဿနာ အရှုပ်အရှင်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ကိုကျော်ကျော် ၉/ပဘန(နိုင်)၀၀၂၄၅၉

အင်းရွာဝေလချောင်းတံတား ရေတိုက်စား၍ ပျက်

ရန်ကုန် သြဂုတ် ၁၉

သြဂုတ် ၁၇ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ကြည့်မြင်တိုင်မြို့နယ် ဝါးရုံဆိပ်ရပ်ကွက်နှင့် အင်းရွာအနောက်ရပ်ကွက်သို့ ဆက်သွယ်ထားသော အရှည်ပေ ၁၅၀၊ အကျယ် လေးပေရှိ ဝေလချောင်း ကွန်ကရစ်တံတား ရေတိုက်စား၍ တံတားတိုင်ငါးလုံး မြေကျွံကာ ကွန်ကရစ်အခင်းများ ပျက်စီးသွားခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

အဆိုပါ တံတား ပျက်စီးမှုကြောင့် ပြည်သူများ တံတားပေါ်မှ ဖြတ်သန်းသွားလာခြင်းမပြုဘဲ စက်တပ်သမ္ဗန်ငယ်များ အသုံးပြုသွားလာလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပုဒ္ဓဓမ္မယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဖွင့်

ကျောက်မဲ သြဂုတ် ၁၉

ကျောက်မဲမြို့နယ်လုံးဆိုင်ရာ ပုဒ္ဓဓမ္မယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ သြဂုတ် ၁၇ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဝံသက သြဝါဒကထာချီးမြှင့်တော်မူသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ရီရီလွင်၊ သင်တန်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းတို့က အမှာစကားပြောကြားပြီး သင်တန်းရည်ရွယ်ချက်များကို နေပြည်တော်မှ ရန်ကင်းတောရဆရာတော် အရှင်ခေမနန္ဒာ၏တပည့် တိုင်းပညာရေးမှူး(ငြိမ်း)ဦးမြင့်ဦးက ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ရဟန်း ၂၄ ပါးအပါအဝင် သင်တန်းသား သင်တန်းသူ ၁၄၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ **မောင်မောင်(ကျောက်မဲ)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖော်ဆောင်ရန် ကွင်းဆင်း

ဟိုပန် သြဂုတ် ၁၉

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်လုံမြို့နယ်ခွဲ ဒေသခံပြည်သူများ ဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ခွဲဝေချထားပေးသည့် မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကျေးလက်ကျန်းမာရေးအဆင့်တိုးမြှင့်ရန်၊ ကျေးလက်လမ်း၊ တံတား၊ အသေးစား ရေအားလျှပ်စစ်စက်ရုံ၊ သောက်သုံးရေဖူလုံမှု၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးခြံလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှုရှင်းလင်းခြင်းကို သြဂုတ် ၁၅ ရက်တွင် ပန်လုံမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်လည်းကောင်း၊ မုန်းကွန်ကျေးရွာ လုံတိုး ရွှေဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ဟိုပန်မြို့နယ်မန်ကောင်း(ငါး)ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှု ဆောင်ရွက်သည်။

ဟိုပန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး (ဒုတိယညွှန်ကြားရေးမှူး)က နိုင်ငံတော်ခွင့်ပြုရန်ပုံငွေနှင့် ဆောင်ရွက်မည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ကညနမှ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်း၊ယာဉ်မောင်းလိုင်စင်အသစ်နှင့် သက်တမ်းတိုးခြင်းလာရောက် ဆောင်ရွက်ပေးမည့်အကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှာင်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်း စုပေါင်းဆောင်ရွက်

ရှာင်း သြဂုတ် ၁၉

မိုးရာသီကာလအတွင်း ခြင်ကြောင့် သွေးလွန်တုပ်ကွေး၊ ငှက်ဖျားအစရှိသည့် ရောဂါများ မဖြစ်ပွားစေရေးအတွက် တာဝန်ရှိဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်းမြို့နယ် ဆေးရုံဝင်းအတွင်း လူအင်အား၊ စက်အင်အားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးကို သြဂုတ် ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူး သန်းဇော်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဦးမြင့်ဦး၊ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မိုးလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရွှေသံလွင်ကုမ္ပဏီ စိုက်ခင်းတာဝန်ခံ ဦးတင်သန်းနှင့်အဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းအင်အား ၇၅ ဦးဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ် ညောင်ကျေးရွာရှိ ကျူးကျော်တဲများဖယ်ရှား

ရန်ကုန် သြဂုတ် ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ညောင်ကျေးရွာ စက်မှုဇုန် (၂) ဆိပ်ကမ်းသာလမ်းနှင့် ပန်းလှိုင်မြစ်ကြား မြေနုကျွန်းပေါ်တွင် သြဂုတ် ၁၈ရက် နံနက်ပိုင်းက ကျူးကျော်တဲများနှင့် မြေကွက်ရိုက်အမှတ်အသားများ စိုက်ထူထားကြောင်း သတင်းရသဖြင့် မြို့နယ်မှ တာဝန်ရှိသူများ သွားရောက်ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ညောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များဖြင့် ကျူးကျော်တဲသုံးလုံးနှင့် မြေနေရာသတ်မှတ်ထားသော ဝါးတိုင်စိုက် အမှတ်အသားများကို ရှင်းလင်းဖယ်ရှားခဲ့ပြီး အမှတ် (၁၉)ရပ် အုန်းတော ဘုန်းတော်ကြီးကျောင်းနှင့် ရွှေလင်ပန်းချောင်းကြားတွင် အကွက်ချရောင်းချထားသော ကျူးကျော်တဲများကိုလည်း သြဂုတ် ၁၉ ရက်တွင် နောက်ဆုံးသတိစာ ပေးအပ်ပြီး သြဂုတ် ၂၀ ရက်တွင် ရှင်းလင်းဖယ်ရှားမည်ဖြစ်ကြောင်း စည်ပင်ရဲဝန်ထမ်းတစ်ဦးက ပြောကြားသည်။

(၁၆၄)

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘားကရာလမ်း၊ ပဒုမ္မာအားကစားကွင်းအနီး ဘတ်ဂန်း တွင်တည်ရှိသော City Mart Holding Co.,Ltd. သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ ပိုင်ရှင်ဖြစ်ပါသည်။

City Mart

မှတ်ပုံတင်အမှတ်- ၃၅/၂၀၀၂ နှင့် ၇၆၆၇/၂၀၁၃

Ocean

မှတ်ပုံတင်အမှတ်-၂၂၈၂/၂၀၀၆ နှင့် ၇၆၆၆/၂၀၁၃

မှတ်ပုံတင်အမှတ်- ၁၉၃၆/၂၀၀၆ နှင့် ၇၆၆၈/၂၀၁၃

City eXpress

မှတ်ပုံတင်အမှတ်- ၇၆၇၁/၂၀၁၃

City Mart Holding Co.,Ltd. သည် အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများအား ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံး၌ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲရန် မြွက်ဟကြေညာစာချုပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ယှဉ်တွဲဖော်ပြပါမှတ်ပုံတင်စာချုပ်အမှတ်များဖြင့် အသီးသီးမှတ်ပုံတင်ထားပြီး အဆိုပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများကို အသုံးပြုလျက် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့၌ လူသုံးကုန်ပစ္စည်းများ စားသောက်ကုန်ပစ္စည်းများ လက်လီလက္ကားဖြန့်ဖြူးရောင်းချသည့် Supermarket၊ Super Center၊ Bakery & Coffee Shop၊ Convenient store များဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

ထို့သို့ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ များ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ကြီးများ၌လည်း ထိုးချဲ့ဖွင့်လှစ်ရန်စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများသည် City Mart Holding Co.,Ltd. မှ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲသော ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများဖြစ်ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးဦးထံမှလည်းကောင်း (သို့မဟုတ်) လူအများမှလည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှလည်းကောင်း ထပ်တူထပ်မျှ ဆင်တူယိုးမှား၊ အတိုအထွင်မှား၊ ပုံတူပုံမှား အတုကြောင်းကိုဖြစ်စေ အတုပြုလုပ်သုံးစွဲခွင့်မရှိပါကြောင်းနှင့် အကယ်၍ အတုပြုလုပ်သုံးစွဲခဲ့လျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဆင်းကြွယ်မိုး (LL.B., LL.M.)

တရားလွှတ်တော်ရှေ့နေ (စဥ်- ၆၅၅၆)

အမှတ်- ၅၅ အခန်း- ၂၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၃၇၈၈၃၉၃၊ ၀၉-၅၀-၁၆၇၅၊ ၀၉-၇၃၁-၅၅၀၀၁။

နိုင်ငံတကာအားကစားသတင်း

မော်ရင်ဟို၏ ချယ်လ်ဆီးနိုင်ငံပွဲစပြီ တိုက်စစ်မှူးဆိုလ်ဒါဒို စပါးအတွက်ဂိုးစသွင်း

အာကကျော် ရေးသည်

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၁)အဖြစ် ချယ်လ်ဆီးအသင်းနှင့် ဟူးလ်စီးတီးသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ဂိုးများကို အော်စကာနှင့် ဖရန့်လမ်းပတ်တို့က သွင်းယူပေးခဲ့ကြသည်။

ယင်းပြိုင်ပွဲသည် မော်ရင်ဟို၏ ပထမဆုံးသော ပရီမီယာလိဂ်အနိုင်ပွဲလည်းဖြစ်သည်။ ပွဲစပြီး ၁၃ မိနစ်အကြာ အော်စကာက ချယ်လ်ဆီးအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ပွဲချိန် ၂၅ မိနစ်တွင် လမ်းပတ်က ချယ်လ်ဆီးအတွက် ဒုတိယ အနိုင်ဂိုး သွင်းယူပေးခဲ့သည်။ တန်းတက် ဟူးလ်စီးတီးသည် ချေပဂိုးသွင်းယူရန် ကြိုးစားသော်လည်း ချယ်လ်ဆီးက အိမ်ကွင်းတွင် အသာစီးဖြင့် ဖိကစားပြီး အနိုင်ယူခဲ့သည်။ ပြိုင်ပွဲအပြီး မော်ရင်ဟိုက စတမ်းဖို့ဒ်ဘရစ်သို့ ဖလားယူဖို့ ပြန်လာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

စပါးနှင့်ခရစ္စတယ်ပဲလေ့စ်

ထိုနေ့တွင် စပါးက တန်းတက် ခရစ္စတယ်ပဲလေ့စ် အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူစာချုပ်ခဲ့သော တိုက်စစ်မှူး ဆိုလ်ဒါဒိုက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

ပွဲချိန် ၅၀ မိနစ်တွင် ဆိုလ်ဒါဒိုက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဆိုလ်ဒါဒိုအား စပါးအသင်းက ယခုနှစ် နွေရာသီတွင် ဗလင်စီယာမှ ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဆိုလ်ဒါဒိုအား စပါးက စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ရသလို ၄င်းအနေဖြင့်လည်း ထိုက်တန်သော ခြေစွမ်းကို ပြသလိုက်ခြင်းလည်း ဖြစ်သည်။

သို့ရာတွင် စပါးအသင်းတွင် ရီးရဲမက်ဒရစ်ကခေါ်ယူရန် ပစ်မှတ်ထားနေသော ဂါးရက်ဘေးလ်ပါဝင်ကစားခဲ့ခြင်းမရှိပေ။ အသက် ၂၈နှစ်ရှိ ဆိုလ်ဒါဒိုသည် ပြီးခဲ့သောရာသီက ဗလင်စီယာအသင်းတွင် ၃၅ ပွဲပါဝင်ကစားခဲ့ရာ ၂၄ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဆိုလ်ဒါဒိုအနေဖြင့် စပါးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခြင်းသည် ပရီမီယာလိဂ် အောင်မြင်မှုကို စတင်လိုက်ခြင်း ဖြစ်ကြောင်းလည်း နည်းပြဗီးလက်ဘိုစ်က ပြောကြားလိုက်သည်။

ယခုသီတင်းပတ်တွင် နာမည်ကြီး မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးတို့ပြိုင်ဘက်များကို အနိုင်ကစားနိုင်ခဲ့သော်လည်း အာဆင်နယ်တို့ ဂိုးပြတ်ရှုံးနိမ့်ခဲ့သဖြင့် နည်းပြအာစင်ဝင်းဂါးက သူ၏ပရိသတ်ကိုတောင်းပန်ခဲ့ရသည်။

ယခုနှစ် ပရီမီယာလိဂ်တွင် လက်ရှိချန်ပီယံ မန်ယူ၏ အဓိကပြိုင်ဘက်အဖြစ် မန်စီးတီးအပြင် ချယ်လ်ဆီးသည်လည်း အပါအဝင်ဖြစ်လာသည်။ နည်းပြမော်ရင်ဟိုက သူ၏ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလား အရယူ ဆွတ်ခူးပေးသွားမည်ဟု ကြုံးဝါးလျက်ရှိရာ စောင့်ကြည့်ကြပါစို့. . .

ဘောလုံးသတင်းအတိုအထွာ

- ✻ ဒွေါမွန် တိုက်စစ်မှူး အသက် ၂၄ နှစ်အရွယ်ရှိ လီဝန်ဒေါစကီးအား ချယ်လ်ဆီးက ခေါ်ယူရန် ကြိုးစားနေသည်။
- ✻ တိုက်စစ်မှူး ရွန်းနေက ယခုနှစ် ဘောလုံးရာသီ၌ မန်ယူ၌သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း မန်ယူတာဝန်ရှိသူများက ပြောကြားသည်။
- ✻ ရီးရဲမက်ဒရစ်မှ ကွင်းလယ်ကစားသမား အိုဇေးလ်အား မန်ယူက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ✻ ဘာစီလိုနာအသင်းက လီဗာပူးနောက်ခံလူ အသက် ၂၈ နှစ်အရွယ်ရှိ အဂ္ဂါအား စာချုပ်နိုင်ရေး ကြိုးစားနေသည်။
- ✻ အင်္ဂလန်နှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား အသက် ၃၅ နှစ်အရွယ်ရှိ လမ်းပတ်က မန်ယူတိုက်စစ်မှူး ရွန်းနေအား ချယ်လ်ဆီးက စာချုပ်နိုင်မည်ဟု ယုံကြည်လျက်ရှိသည်။
- ✻ အက်သလက်တီကိုမှ ကွင်းလယ်ကစားသမား တူရန်က လီဗာပူး သို့မဟုတ် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် ကြိုးစားနေသည်။
- ✻ အာဆင်နယ်အသင်းက ဆွမ်ဆီး တိုက်စစ်မှူး မီချူးကို ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းပေးမည်ဟု ကမ်းလှမ်းထားသည်။
- ✻ အာဆင်နယ် ကွင်းလယ်ကစားသမား ချမ်ဘာလိန်းသည် ဒူးဒဏ်ရာရရှိမှုကြောင့် သုံးလခန့် အနားယူရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- ✻ ရှော်လ်ကေးတိုက်စစ်မှူး အသက် ၂၃ နှစ်အရွယ်ရှိ ပူကီအား ဆဲလ်တစ်က ခေါ်ယူရန် ကမ်းလှမ်းသော်လည်း ရှော်လ်ကေးက ရောင်းချရန် ငြင်းဆိုလိုက်သည်။
- ✻ ဆွမ်ဆီးနောက်ခံလူ အသက် ၂၈ နှစ်အရွယ်ရှိ ဝီလီယံက အာဆင်နယ်သို့ ခေါ်ယူရန် နည်းပြ အာစင်ဝင်းဂါးက ကြိုးစားနေသည်။
- ✻ စပါးအသင်းက အင်ဇီအသင်း၏တိုက်စစ်မှူး ၂၅နှစ်အရွယ်ရှိ ဝီလီယံအား စာချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။

မောင်ချစ်ကြည်

ဆောက်သမ်ပတန်က အီတလီတိုက်စစ်မှူးကိုပေါင် ၁၅သန်းဖြင့် ခေါ်ယူ လေးနှစ်စာချုပ်

ဆောက်သမ်ပတန်အသင်းက အီတလီတိုက်စစ်မှူး ပါဘလိုဒန်နီရယ် အော့စဗယ်ဒိုကို စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့် ရိုးမားအသင်းထံမှ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ ၄င်းအား ဆောက်သမ်ပတန်အသင်းက လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ဆောက်သမ်ပတန်အသင်းက ဆဲလ်တစ်အသင်းမှ ဗစ်တာဝါနီယာမာကို ပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် ဒုတိယမြောက်ပြောင်းရွှေ့ကြေးစံချိန်တင် အများဆုံးဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အော့စဗယ်ဒိုသည် ၂၀၁၁ ခုနှစ်က ရိုးမားသို့ရောက်လာပြီး ယမန်နှစ်ရာသီက ၁၆ ဂိုး သွင်းယူပေးခဲ့သည်။

• • • • • • • • • • • • •

ဘာစီနှင့်ရီးရဲ ပွဲဦးထွက်တာထွက်ကောင်းပြီ ဘာစီလိုနာဂိုးပြတ်သွင်းယူ

စပိန်လာလီဂါပြိုင်ပွဲများကို ဩဂုတ် ၁၈ ရက် ညပိုင်းက စတင်ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီးပြိုင်ဘက်နှစ်သင်းဖြစ်သည့် ဘာစီလိုနာနှင့်ရီးရဲမက်ဒရစ်တို့ ပြိုင်ဘက်အသီးသီးကို အနိုင်ရရှိခဲ့သည်။ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းက လီဗန်တေးကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ယင်းပွဲသည် ဘာစီလိုနာ နည်းပြသစ်၏ ပထမဆုံးနိုင်ပွဲလည်းဖြစ်သည်။ ပြိုင်ပွဲတွင် မက်ဆီနှင့်ပက်ဒရိုတို့က နှစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ဆန်ချက်ဇ်၊ ဒန်နီရယ်အဲဗက်စ်နှင့် ဇာဗီတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ပြိုင်ဘက်ရီးရဲမက်ဒရစ်က ရီးရဲဘက်တစ်ကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

• • • • • • • • • • • • •

စင်စင်နာတီဖလား အဇာရင်ကာဆွတ်ခူး နာမည်ကြီး ဆီရီနာဝီလျံရှုံးနိမ့်

ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာသည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်၌ ကျင်းပသော စင်စင်နာတီတင်းနစ်ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဆီရီနာဝီလျံကို အနိုင်ရပြီး ပထမဆုံးစင်စင်နာတီဖလား ဆွတ်ခူးသွားပြီဖြစ်သည်။ အဇာရင်ကာသည် ၂-၆၊ ၆-၂၊ ၇-၈(၈-၆) ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဝီလျံသည် ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲ စတုတ္ထဆင့်မှ ထွက်ခဲ့ရပြီးနောက် သုံးလုံးမြောက်ဖလားကို ဆွတ်ခူးရန်ကြိုးစားမှုမှာ မအောင်မြင်ခဲ့ပေ။ သို့သော်လည်း သူမသည် ပထမပွဲငယ်ပြိုင်ပွဲတွင် အဇာရင်ကာကို အနိုင်ကစားနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲကို နှစ်နာရီခွဲကြာ ကစားခဲ့ကြသည်။

ကောင်းမြတ်သူ-စုစည်းသည်

လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင် ဒေါ်ရင်ရွှေ၏ သမီးဖြစ်သူ မနီလာထွန်း အသက်(၃၂)နှစ်၊ အရပ် ၅ ပေ၊ ၁၂/ကမတ(နိုင်)၀၇၃၈၄၇ သည် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း မိသားစုနှင့် အမြန်ဆက်သွယ်ပါရန်နှင့် တွေ့ရှိသူများ မိသားစုသို့ အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်-
ဝင်းထွန်းလတ်
ဖုန်း-၀၉-၄၂၀၂၈၃၉၃၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန် အပိုင်း(၁)၊ တိုးချဲ့စက်မှုဇုန် (ဒဂုံတက္ကသိုလ်နီး)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၂၊ စက်မှုမြေကွက် အမှတ် ၃၁ကို မူလဝယ်ယူခွင့်ရရှိသူ ဦးရဲမြင့် ၁၃/ရစန(နိုင်)၀၁၀၄၆၅ထံမှ တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးချိုကြီး ၁၂/တမန(နိုင်)၁၁၂၃၅၆က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ ကမ်းနားလမ်း(သံဒင်း)ရှိ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့မြေစာရင်းတွင်ရှိသော ဦးလှမြင့် (အဖ) ဦးအောင်ခိုင် AA -၁၇၇၄၂၂ အမည်ဖြင့်ရှိသော မြေချပါမစ်ဖြစ်သည့် မြေကွက်အမှတ်(၇/က)၊ ဦးဇော်မင်းဦး (အဖ) ဦးတင်ဦး ၁၂/လမန(နိုင်)၀၆၆၉၂၃ အမည်ဖြင့်ရှိသော မြေချပါမစ်ဖြစ်သည့် မြေကွက်အမှတ် (၇/ခ)၊ ဒေါ်ရီရီနိုင်(အဖ) ဦးစံထွန်း ၁၂/လမန(နိုင်)၀၈၃၇၆၉ အမည်ဖြင့်ရှိသော မြေချပါမစ်ဖြစ်သည့် မြေကွက်အမှတ် (၈/က)၊ ဦးစန်းမောင်(အဖ)ဦးတင်ရွှေ KYA-၀၁၈၆၇၉ အမည်ဖြင့်ရှိသော မြေချပါမစ်ဖြစ်သည့် မြေကွက်အမှတ် (၈/ခ)၊ ဒေါ်ကြည်စိန်(အဖ) ဦးမြဖေ ၁၂/လမန(နိုင်)၀၈၂၁၅၉ အမည်ဖြင့်ရှိသော မြေချပါမစ်ဖြစ်သည့် မြေကွက်အမှတ် (၉/က)၊ ဦးဝင်းမြင့် (အဖ)ဦးအေးမောင် ၁၂/လမန(နိုင်)၀၇၂၃၄၂ အမည်ဖြင့်ရှိသော မြေချပါမစ်ဖြစ်သည့် မြေကွက်အမှတ် (၉/ခ)ကို အဆက်ဆက်စာချုပ်အရ ပိုင်ဆိုင်သူ ဦးစိုးနိုင် ၇/ညလပ(နိုင်)၀၆၁၈၈၃ ထံမှ ကျွန်မက ဝယ်ယူမည်ဖြစ်ပါသောကြောင့် အဆိုပါ မြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဥမ္မာ ၁၂/မရက(နိုင်)၀၂၇၃၁၅
ဖုန်း-၀၉-၅၀၂၉၅၆၆၊ ၀၉-၅၀၄၄၄၉၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၄ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-
(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် စီဒီ၊ ဗွီစီဒီများ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂၃-၈-၂၀၁၃ ရက် (သောကြာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

တာဝန်ခံပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဈေးနှုန်းလွှာများကို ၉-၉-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄း၃၀ နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည်စုံစွာ တင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။
(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာ
ပို့ချချက် စီဒီ၊ ဗွီစီဒီများ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိုးမြင့် (ခ) ဦးကြည်သိန်း၏သမီး မလင်းလက်ဝသုန်(ခ) မလင်းမိုးအေးမြတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မလင်းလက်ဝသုန်(ခ)
မလင်းမိုးအေးမြတ်

တိုက်ခန်းရောင်းမည်

အမှတ် ၂၄/ခ၊ မြတ်လေးရုံလမ်းနှင့် ဗဟိုလမ်းထောင့် (ဗဟိုလမ်းမပေါ်မျက်နှာမူ) ၂၄ပေ×၂၆ပေ၊ မြေညီထပ်+ပထမထပ်၊ Air Con နှစ်လုံးပါ။

ကျပ်သိန်း ၈၅၀ (ညှိနှိုင်း)

ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ် ပြည်သူများ အသိတရားဖြင့်ကာကွယ်

မင်းထက်

မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလက ဆေးလိပ်နှင့် ဆေးရွက်ကြီး တိုက်ဖျက်ရေးကို (WHO)နှင့် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၄ ခုနှစ် ဧပြီတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆေးရွက်ကြီး တိုက်ဖျက်ရေးအဖွဲ့ဝင် (၁၁) နိုင်ငံမြောက်အဖြစ် ပါဝင်ခွင့်ရခဲ့သည်။ ၂၀၀၆ခုနှစ် မေတွင်ဆေးရွက်ကြီးမသုံးစွဲရ ဥပဒေကိုပြဋ္ဌာန်းနိုင်ခဲ့သည်။ ယနေ့ ကမ္ဘာတွင် ၂၀၀၀ ပြည့်နှစ်ကတည်းက နှစ်စဉ် မေ ၃၀ ရက်ကိုဆေးရွက်ကြီးအသုံးမပြုရနေ့ (ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရနေ့)အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လက မြန်မာနိုင်ငံ၌ ဆေးရွက်ကြီးထိန်းချုပ်ရေး အစည်းအဝေး ညီလာခံကို ပထမဆုံးအကြိမ် ပြုလုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည်အရှေ့တောင်အာရှ အာဆီယံနိုင်ငံများအတွင်း၌ ဆေးရွက်ကြီးအများဆုံး အသုံးပြုသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခြင်းကြောင့် ဆေးလိပ်အပါအဝင် ဆေးရွက်ကြီးအသုံးပြုသည့်ပြည်သူများအနေဖြင့်အထူးဂရုပြု ဆင်ခြင်သုံးစွဲသင့်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)ဒေါက်တာခိုင်စိုးဝင်းကပြောသည်။

"ဆေးလိပ်ဆိုရင် ခုနောက်ပိုင်း လမ်းဘေးဈေးသည်တွေများလာတော့ ဘယ်လောက်လာဝယ်ဝယ်၊ ဘယ်အသက်အရွယ်လာဝယ်ဝယ် ရောင်းတာပဲ။ ဥပဒေတွေ ဘယ်လောက်ပြဋ္ဌာန်းပြဋ္ဌာန်းပြည်သူတွေလိုက်နာပြီး စည်းကမ်းရှိဖို့နဲ့ လူငယ်တွေကလည်း အထွေထွေဗဟုသုတ ကြွယ်ဝပါမှ ထိရောက်မှာဖြစ်ပါတယ်။ ခုဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဆန်းစစ်လေ့လာချက်အရ ဆေးလိပ်သောက်သုံးတဲ့သူတွေဟာ ၂၀၀၇ ခုနှစ်ထက် ၂၀၁၁ ခုနှစ်မှာ ပိုများလာတာတွေ့ရပါတယ်။ ဒါကြောင့် ဆေးလိပ်နဲ့ ဆေးရွက်ကြီးကို ပြည်သူများ အထူးဂရုပြုသုံးစွဲ ဆင်ခြင်ကြရန်လိုအပ်တယ်"ဟု ဒေါက်တာခိုင်စိုးဝင်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်ဆေးရုံကြီးကင်ဆာဌာန၌ ဆေးလိပ်သောက်သုံးမှုကြောင့် ကင်ဆာရောဂါဖြစ်၍ ဆေးကုသမှုခံယူနေသည့် ဦးလှရွှေ အသက် (၆၀ နှစ်)က ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ "ကျွန်တော်က ကျောင်းသားအရွယ် အသက်(၁၆နှစ်) ကတည်းက ဆေးလိပ်ကို စသောက်ဖြစ်ခဲ့တာပါ။ စသောက်ခါစကတော့ သူငယ်ချင်းတွေသောက်တာ မြင်တာနဲ့ စမ်းပြီး သောက်ကြည့်မိရင်းက စွဲသွားတာပါ။ အရင်က ဒီဆေးလိပ် သောက်ရင် ဘာဖြစ်မယ်ဆိုတာ လုံးဝမသိပါဘူး။ ပြီးတော့ ဆေးလိပ်ကသောက်ရင်း သောက်ရင်း စွဲစွဲလာတယ်။ နောက်ဆုံးခုချိန်ထိ လုံးဝဖြတ်လို့မရတော့ဘူး။ ဒီဆေးရုံကို ၂၀၁၂ ခုနှစ် နိုဝင်ဘာက စတက်ဖြစ်တာပါ။ အခုမှပဲဆေးလိပ်ရဲ့ အန္တရာယ်ဘယ်လောက်အထိ ကြီးတယ်ဆိုတာ သိတော့တယ်"ဟု ဖွင့်ဟခဲ့သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေ ပြဋ္ဌာန်းထားသော်လည်း စီးပွားရေးလုပ်ငန်းရှင်အချို့၏ဥပဒေချိုးဖောက်မှု၊ ပြည်သူလူထု၏ ဗဟုသုတနည်းပါးမှု၊ ဥပဒေပြဋ္ဌာန်းချက်များ ပေါ်ပေါက်ပြီး နောက်ဆက်တွဲ အားနည်းခြင်းတို့ကြောင့် ထိရောက်မှုမရှိဘဲ ပိုမိုများပြားလာသည်ဟု သိရသည်။ မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့် ကွမ်းစားသုံးသူ ၁၀ ရာခိုင်နှုန်းတွင် ၈ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပြီး နှစ်ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ ရန်ကုန်ဆေးရုံကြီး ကင်ဆာဌာနတွင် ဆေးကုသ စောင့်ရှောက်ပေးနေသော သူနာပြုဆရာမကြီး ဒေါ်စန်းကလည်း "ဒီကင်ဆာဌာနကို ရောက်လာတဲ့လူနာ ၁၀၀ မှာ ၂၀ က ဆေးလိပ်နဲ့ ကွမ်းစားလို့ဖြစ်တဲ့ ရောဂါတွေဖြစ်ပါတယ်။ အခုနောက်ပိုင်း ကွမ်းစား၊ ဆေးလိပ် သောက်တဲ့သူတွေ ပိုများလာတာကို သတိထားမိပါတယ်။ အများစုမှာ နယ်ကဖြစ်ပြီးပညာမတတ်၊ ကျန်းမာရေး အသိမရှိကြတဲ့သူတွေများပါတယ်။ ခုဆိုရင် ဆေးရုံဝန်ထမ်းတွေပါ ဆေးလိပ်သောက်၊ ကွမ်းစားလုပ်လာကြတာပိုများလာလို့ အပြစ်ပေး၊ ဒဏ်ပေးလုပ်နေရပါတယ်"ဟု ပြောပြသည်။

မြန်မာနိုင်ငံသည် ယခုအခါ အဘက်ဘက်မှ ပွင့်လင်းမြင်သာမှု ရှိလာခြင်းတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တစ်ဟုန်ထိုး တိုးဝင်လျက်ရှိသည်။ ထိုအထဲတွင် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့်ဆေးလိပ်အပါအဝင်ဆေးရွက်ကြီးနှင့်ဆက်နွယ်လုပ်ငန်းများလည်း အထိုက်အလျောက် ပါဝင်လာနိုင်သဖြင့် ပြည်သူများအသိတရားဖြင့် ဆင်ခြင်အသုံးပြုသင့်ကြောင်း ဆရာဝန်များနှင့်ကျန်းမာရေးလိုက်စားသည့် ပြည်သူများကသုံးသပ်ကြသည်။

သတင်းဆောင်းပါးနှင့်နယ်သတင်း

ဩဂုတ် ၁၁ ရက်က နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် တပ်ကုန်းမြို့နယ် မုန်ဆည်ကို ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် သဲနုန်းတူးဖော်ဆောင်ရွက်မှု၊ ရေဝင်ရောက်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေးစဉ်။ (၄၁၇)

စာအုပ်ထုတ်ဝေရေး အနာဂတ်အလားအလာဟောပြောမည်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI တွင် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသော စာအုပ်ထုတ်ဝေရေး လောက၏ အနာဂတ်အလားအလာနှင့်ပတ်သက်၍ ဟောပြောပွဲပြုလုပ်မည် ဖြစ်သည်။ ဟောပြောပွဲတွင် Asian Fame Media မှ Chair Person ဒေါ်နန်းကလျာဝင်းက ၂၀၁၃ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပသော အာရှစာပေထုတ်ဝေသူများ ညီလာခံအတွေ့အကြုံနှင့် စင်ကာပူနိုင်ငံမှ Asian Geographic မဂ္ဂဇင်းအပါအဝင် နိုင်ငံတကာတွင် ဖြန့်ချိနေသော မဂ္ဂဇင်းခြောက်မျိုးနှင့် စာအုပ်စာပေများကို အောင်မြင်စွာ ထုတ်ဝေနေသူ မြန်မာနိုင်ငံသား ကိုဂျွန်သက်က လက်ရှိပုံနှိပ်မီဒီယာလောက၏ အနာဂတ်အလားအလာအကြောင်း ဟောပြောမည်ဖြစ်ရာ စာရေးသူ၊ စာဖတ်သူ၊ စာအုပ်ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ စာအုပ်ထုတ်ဝေရေးလောကနှင့်သက်ဆိုင်သူ၊ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆပ်ပြာစက်ရုံများရှိ ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုးရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုး
တင်ဒါပိတ်ရက်နှင့်အချိန် - ၁၆-၉-၂၀၁၃ ရက် ညနေ ၄ နာရီ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) ၀၆၇-၄၀၈၃၈၁

အသိပေးကြေညာချက်

- ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ တိုင်းဒေသကြီးရုံး၊ ဘဏ်ခွဲနှင့် ငွေသိုလှောင်ခန်းအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ၂၆-၇-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာနှင့် ၆-၈-၂၀၁၃ရက် ကြေးမုံသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကြော်ငြာခေါ်ယူခဲ့ပါသည်။
- အဆိုပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းလွှာနှင့် အာမခံကြေးတို့ကို မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) နေပြည်တော်တွင် ပေးသွင်းရန်ဟု ဖော်ပြထားသော်လည်း လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် တင်ဒါပုံစံ ဝယ်ယူထားသူများအနေဖြင့် တင်ဒါတင်သွင်းလွှာနှင့် အာမခံကြေးများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများသို့ ဆက်သွယ်၍ ၂၆-၈-၂၀၁၃ရက်ထက် နောက်မကျဘဲ နောက်ဆုံးထား သွားရောက်ပေးသွင်းသွားကြပါရန် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

Aluminium Top Seal အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့်** - Aluminium Top Seal
အရေအတွက် - ၂၇၅၀၀၀၀ ခု
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၉-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၀၇၆
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် ၀၆၇-၄၀၈၃၅၄

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် (ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

လုပ်ငန်းအမည် - (က) တိုင်းဒေသကြီး တရားရေးဦးစီးမှူးနေအိမ်နှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း။ (ရေသန့်နှင့် လျှပ်စစ်လုပ်ငန်းများအပါအဝင်)
(ခ) ဖြူးမြို့နယ်တရားရုံး(ပထမအဆင့်) တည်ဆောက်ခြင်း။
(ဂ) ကျောက်ကြီးမြို့နယ် တရားရုံးတည်ဆောက်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၃-၈-၂၀၁၃ရက် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၉-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထားပြီး တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပေးသွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံဖြင့် တင်သွင်းရမည်။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး(စီမံဌာန)

၄။ အသေးစိတ်လိုအပ်သည့်အချက်များကို ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး(စီမံဌာန)တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟဲဟိုးလေဆိပ် လေယာဉ်ပြေးလမ်းမြောက်ဘက်ထိပ် ပေ(၂၅၀၀×၁၀၀)တွင် Chip Seal, Sand Seal လောင်းခြင်းလုပ်ငန်းနှင့် လေယာဉ်ရပ်နားနေရာ ပေ(၁၃၀×၂၅၀) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လေယာဉ်ကွင်းတည်ဆောက်ရေး လုပ်ငန်းသုံးခဲ့ကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၈-၂၀၁၃ရက်မှ ၂၆-၈-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဟဲဟိုးလေဆိပ်၊ လေဆိပ်တာဝန်ခံရုံး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟဲဟိုးမြို့၊ ဖုန်း-၀၈၁-၆၃၀၃၂၊ ၀၉-၇၃၀၄၂၀၃၃၊ ၀၉-၅၀၆၇၈၉၂

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်နှင့်နေရာ** - ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ၁၂း၀၀နာရီ၊ ဟဲဟိုးလေဆိပ်၊ လေဆိပ်တာဝန်ခံရုံး

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ၉း၀၀နာရီ၊ အင်ဂျင်နီယာမှူးကြီးရုံး၊ စုစည်းခန်းမ၊ တောင်ကြီးမြို့။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၆၃၀၃၂၊ ၀၉-၇၃၀၄၂၀၃၃၊ ၀၉-၅၀၆၇၈၉၂တို့သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)ရှိ ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများ
တင်ဒါပိတ်ရက်နှင့်အချိန် - ၁၇-၉-၂၀၁၃ ရက် ၁၆း၀၀ နာရီ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) ၀၆၇-၄၀၈၃၈၁

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် ဩဂုတ်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

"General Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၂၁-၈-၂၀၁၃ရက်မှ ၃၀-၈-၂၀၁၃ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
သင်တန်းကြေး - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည် ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လ (၂၀၁၃ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၉-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒက္ခိဏခရိုင် အခြေခံတိုင်းရင်းဆေး သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်အတွင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ အခြေခံတိုင်းရင်းဆေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ခရိုင်တိုင်းရင်းဆေးမှူးနှင့် သင်တန်းနည်းပြများနှင့်အတူ သင်တန်းသူများတက်ရောက်ခဲ့ကြောင်းသိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တောင်ပြုံးပွဲသို့ ရထားဖြင့် ခရီးသွားသူများလာ

မန္တလေး ဩဂုတ် ၁၉

မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာရှိ တောင်ပြုံးပွဲကို ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက်အထိ နှစ်စဉ်ကျင်းပလေ့ရှိသည်။ တောင်ပြုံးပွဲသို့ အနယ်နယ်အရပ်ရပ်မှ နတ်ယုံကြည်ကိုးကွယ်သူများသာမက အပျော်သဘောဖြင့် သွားလာကြသူများလည်း ရှိသည်။

တောင်ပြုံးပွဲသို့ သွားရောက်ကြမည့်ပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် မြန်မာ့မီးရထားမှ အထူးရထားများ ပြေးဆွဲပေးလျက်ရှိရာ တောင်ပြုံးပွဲသွားခရီးသည်များ စီးနင်းလိုက်ပါလျက်ရှိသည်။

ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရန်နှင့် မီးရထားလက်မှတ် ဝယ်ယူစီးနင်းကြရန်နှင့် ရထားသံလမ်းများပေါ်တွင် နေထိုင်ခြင်းမပြုကြရန်တို့ကို သူရဲဈေးဘူတာမှ တာဝန်ရှိသူများက အသံချဲ့စက်ဖြင့် အသိပေးကြေညာလျက်ရှိသည်။

တောင်ပြုံးသွား ခရီးသွားတစ်ဦးကလည်း ယခင်နှစ်တွေထက် မီးရထားစီးသူများလာကြောင်း၊ မီးရထားစီးနင်းခမှာ အများကြီးသက်သာကြောင်း၊ မြန်မာ့မီးရထားက ခရီးသွားဧည့်သည်များ အန္တရာယ်ကင်းဝေးစေရေးအတွက် ဆောင်ရွက်နေသကဲ့သို့ မိမိတို့ပြည်သူများကလည်း လိုက်နာဆောင်ရွက်သင့်ကြောင်းဖြင့် ၎င်း၏အမြင်ကို ပြောပြသည်။

တင်မောင်(မန္တလေး)

ပုသိမ်ညွန့်ရပ်ကွက်မှ ပေ ၁၀၀၀ ကျော် ရေဆင်းမြောင်း ဆယ်ယူဖော်ထုတ်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် သမိန်ဗရမ်းလမ်းမကြီးဘေး အရှည်ပေ ၁၀၀၀ ကျော်ရှိ မြစ်ထွက်ပေါက် ရေဆင်းမြောင်းကြီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ထမ်း အင်အား ၁၅၀ နှင့် ရပ်ကွက်လူမှုရေးအဖွဲ့အစည်း အင်အား ၂၀ တို့ ပူးပေါင်းကာ ဩဂုတ် ၁၇ ရက် နံနက် ၆ နာရီခွဲမှ ၁၀ နာရီအထိ မြောင်းအတွင်းမှ အမှိုက်များ ဆယ်ယူခြင်း၊ ရွှံ့နွံမြေကြီးများ ဖယ်ထုတ်ခြင်း၊ မြောင်းချေးများ ဆယ်ယူခြင်းတို့ ဆောင်ရွက်ကြသည်။**(ယာပုံ)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာန၊ ဒုတိယဌာနမှူး ဦးဝင်းမြင့်၊ တောင်ပိုင်းခရိုင် ဒုခရိုင်မှူး ဦးတင့်လွင်၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းတို့က ကြီးကြပ်အားပေးကြသည်။ မြစ်ထွက်ပေါက် ချောင်းနှစ်ချောင်းဖြစ်သော မြွေပတုတ်ချောင်းနှင့် သစ်မျောချောင်းတို့ဆီသို့ စီးဝင်သော အရှည် ပေ ၁၀၀၀ ကျော်၊ အကျယ် ၄ ပေ၊ အနက် ၅ ပေခန့်ရှိသော ရေဆင်းမြောင်းကို ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး၊ မိုးကြီးလျှင် လမ်းပေါ်ရေမလျှံစေရေးတို့အတွက် ဆောင်ရွက်ကြသည်။ လမ်းဘေးဈေးရောင်းသူများ၏ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များ၊ မိုးရွာရေလျှံ၍ လမ်းပေါ်မှကျလာသော အမှိုက်များ၊ ကာလကြာရှည်မှုကြောင့် ဖြစ်ပေါ်လာသော မြောင်းချေးများကို လုပ်သားဝန်ထမ်း၊ လူမှုရေးအဖွဲ့ဝင်များက ဖယ်ရှားဆယ်ယူ သန့်ရှင်းပေးကြခြင်းဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေနီ၊ ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးငွေးမြင့်၊ ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အင်အား ၂၀ တို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ရထားဝန်ဆောင်မှုလုပ်ငန်း၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို [illegible]

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	Currency
(က)	15(T)2/MR(E)	Spare Parts for Flash Butt Welding Machine and Ballast Regulator (166)Items	Euro
(ခ)	15(T)3/MR(E)	Mould and Accessories for Turnout PC Sleeper (Complete Set)(1:12)-1 Set & (1:8½)-1 Set	Euro
(ဂ)	15(T)4/MR(E)	ABS Plastic (38)M.Ton Colour Material (Black)(0.4)M.Ton	Euro
(ဃ)	12(T)8/MR(SN)	Spare Parts for DEL(2000 HP,Alstom)(120)Items	Kyat
(င)	[illegible](CE)	Rivets (Assorted Size)(100000)Nos	Kyat
(စ)	[illegible](CE)	12.7 mm Ø ,Seven Strand Wire (150)M.Ton	Kyat
(ဆ)	[illegible](S&T)	[illegible] Fiber Insulation Rail Joint (200)Sets, L.E.D Railways Signal Lamp with Installation (200)Set	Kyat
(ဇ)	[illegible](CME)	Raw Material (27)Items M.S Round Bar,M.S Pipe,Copper Pipe, M.S Hex; Bar, Copper Sheet	Kyat
(ဈ)	[illegible](CME)	Battery with Lead Acid (2V 250 Ah-4000 Nos)(12V 150 Ah & 200 Ah-400 Nos)	Kyat
(ည)	[illegible](CME)	11/0.4 KV, 315 KVA Transformer(2)Nos	Kyat
(ဋ)	[illegible](CMO)	ECG Machine(1)No	Kyat
(ဌ)	[illegible](CE)	[illegible] 7" x 9 Line x 30 G(0.3175 mm)-(20000)Shts	Kyat
(ဍ)	[illegible](CE)	[illegible] ½" x ¾" [illegible]	Kyat

[illegible]

ဖုန်း - 294352, 291985,291994

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ ၁၊ မြေကွက်အမှတ် ၁၄၄/A၊ မြေကွက်တည်နေရာ ၁၄၄၊ အေ၊(၁၆) အထက်လမ်း၊ ယမုံနာ ၁ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်မြင့်မြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့်ပတ်သက်၍ ဦးရှုရှပ်မှ ဒေါပုံမြို့နယ် တရားရုံး၏ ၂၀၁၂ခုနှစ် တရားမကြီးမှု ၃၆ ဖြင့် မြေအမည်ပေါက်ဒေါ်မြင့်မြင့်အား မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုခဲ့ပြီး ၁၆-၅-၂၀၁၃ရက်စွဲပါ စီရင်ချက်/အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ ၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ် ၁၁/၂၀၁၃ အရ တရားရုံးကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၂၆၉၊ မြေကွက်မှာ ဒေါ်ချိုမာလွင် (ဘ) ဦးတင်ဆင့် ၉/လဝန(နိုင်)၁၃၄၉၀၈ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်ချိုမာလွင် (ဘ) ဦးတင်ဆင့် ၉/လဝန(နိုင်)၁၃၄၉၀၈က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နှင်းနှင်းကြူ ၉/မရမ(နိုင်)၀၆၃၀၆၀
အမှတ်(၃၆၁/က)၊ ၈၁ လမ်း၊ ၂၉×၃၀ကြား၊ မန္တလေးမြို့၊
ဖုန်း-၀၉-၂၀၅၂၀၄၁၊ ၆၅၀၄၀၁၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုဆင်ဆာအဖွဲ့တွင် အသုံးပြုရန်အတွက် ဗီဒီယိုဆင်ဆာလက်မှတ်အသေး (Sticker) ၁.၅"×၁.၂"အရွယ်အစား ဆင်ဆာလက်မှတ်(Sticker) ခုရေ ၁၈၀၀၀၀၀ (သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၆-၈-၂၀၁၃ ရက်မှ ၂၀-၉-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) **တင်ဒါတင်သွင်းရန်နေရာ** - မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၃-၉-၂၀၁၃ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း-၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး
ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် ကုသပေးရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၂၀-၈-၂၀၁၃ရက် နံနက် ၁၀နာရီ
တင်ဒါပိတ်ရက် - ၁၉-၉-၂၀၁၃ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် စလေတွဲ အထကမှ Grade (11) အောင် မအေးရင် ခုံနံပါတ် မရမ-၁၃၁၉၈၏ မိဘအမည်မှန်မှာ ဦးရှောက်ချောက်နှင့် ဒေါ်ရွှေယိန်း ဖြစ်ပါသည်။

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် စလေတွဲ အထကမှ Grade (11) အောင် မအေးရင် ခုံနံပါတ် မရမ-၁၃၁၉၈၏ အမည်မှန်မှာ မအေးရင်(ခ)မယဉ်ယဉ် ဖြစ်ပါသည်။

မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မနှင်းနှင်းထက်၏ မိဘအမည်မှန်မှာ ဦးဟွမ်ဂျုံးဘန့် ၁၃/လရန(နိုင်)၀၈၈၀၁၄၊ ဒေါ်လီချိန်မေ ၁၃/လရန(နိုင်)၀၅၃၈၇၅ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၁၇၇၁ Toyota Harrier SW 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းသောင်း ၁၂/မရက(နိုင်)၀၆၂၆၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၅၈၂/ခ၊ မြေကွက်တည်နေရာအမှတ် ၅၈၂/ခ၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးလှရွှေနှင့်ဇနီး ဒေါ်တင်တင်နွဲ့ ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်အေး ၁၂/ဥကတ(နိုင်)၀၃၃၉၃၇၊ ဒေါ်စိမ်း ၁၂/ဥကတ(နိုင်)၀၃၃၅၇၈တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာရေးကိရိယာနှင့်ထောက်ပံ့ပစ္စည်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လှူဒါန်း

ကွတ်ခိုင် ဩဂုတ် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်နှင့် ကွတ်ခိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမှတ်(၈) ရပ်ကွက် တောင်တန်းသာသနာပြုကျောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ စာရေးကိရိယာထောက်ပံ့ပစ္စည်းလှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက်က ကျင်းပသည်။

တောင်တန်းသာသနာပြုကျောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ရှင်သာမဏေနှင့် ကျောင်းသားကျောင်းသူ၂၅၀ကို စာရေးကိရိယာ၊ အာဟာရမုန့်၊ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းစုစုပေါင်းတန်ဖိုး ငွေကျပ် ၂၆၈၅၀၀ နှင့် စာသင်ဆရာတော်သုံးပါး၊ ဆရာမနှစ်ဦးတို့အား ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာအေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းကြည်တို့က လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ကွတ်ခိုင်မြို့နယ်ပြည်သူ့ဆေးရုံတွင်ချို့တဲ့လူနာ ၁၅ ဦးကို ကြက်ဥနှင့်အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

စာနယ်ဇင်းတွေ့ဆုံပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၁၉

ပညာခေတ် ပညာရေးမဂ္ဂဇင်း အယ်ဒီတာအဖွဲ့နှင့်မန္တလေးအခြေစိုက် စာရေးဆရာများ၊ စာဖတ်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းရှိ မင်းသီဟကဖေးတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအခြေစိုက် Operation Manager ဒေါ်ခင်အေးဆွေက အယ်ဒီတာအဖွဲ့နှင့်မိတ်ဆက်ပေးပြီး တက်ရောက်လာသည့် စာနယ်ဇင်းအဖွဲ့များကလည်း ကိုယ်တိုင်မိတ်ဆက်သည်။ အခမ်းအနားသို့ ပညာခေတ်ပညာရေးမဂ္ဂဇင်း စီမံမန်နေဂျာ ဦးရန်နိုင်အောင်၊ တာဝန်ခံအယ်ဒီတာချစ်တိုးနွယ်၊ ဘဏ္ဍာရေးမှူး ဦးဝင်းအောင်၊ အမှုဆောင်အယ်ဒီတာ စေသော်ဝ်တို့တက်ရောက်ကြပြီးပညာခေတ်ပညာရေးမဂ္ဂဇင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူ မန္တလေးမြို့ခံ စာရေးဆရာများက အကြံပြု တင်ပြဆွေးနွေးကြကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

စဉ့်ကူးမြို့၌ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်

စဉ့်ကူး ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် တောင်အင်းကျေးရွာအုပ်စုရှိ တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခွဲက တောင်အင်းကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဇော်ဦးက လယ်မြေနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် မြို့နယ်မြေစာရင်းဦးစီးအရာရှိဦးသန်းဇော်ဦးတို့က တောင်အင်းကျေးရွာအုပ်ချုပ်ရေးမှူးကို တောင်သူ ၁၃၇ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ၁၃၇ စောင် စုပေါင်းပေးအပ်ခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ)(၄၃၃)**

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

မောက်မယ် ဩဂုတ် ၁၉

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။ ဟောပြောပွဲမစတင်မီ အသက်ရှစ်နှစ်အောက် ကျောင်းသားကျောင်းသူများအား အစာအာဟာရပြည့်မပြည့်ပေါင်ချိန်ခြင်း၊ အရပ်တိုင်းတာခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု စစ်ဆေးခြင်းများ၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများပြုလုပ်ရာ လိုအပ်သည့်ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးသည်။ ဆက်လက်၍ ဟောပြောပွဲတွင် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးမောင်စိုးကအမှာစကားပြောကြားကာ မြို့နယ်ဆရာဝန် ဒေါက်တာမြမြသန်းက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဆိုင်ရာအသိပညာနှင့် ကလေးတို့၏စားသုံးသင့်သည့် ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရအုပ်စု သုံးစုအကြောင်း ပညာပေးဟောပြောကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲကျင်းပ

လက်ပံတန်း ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဩဂုတ် ၅ ရက်နံနက် ၁၀ နာရီက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးမှူး ဦးကျော်ခင်၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်အေးအေးမော်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များတက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြား၍ မြို့နယ်ကျန်းမာရေးမှူးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အကြောင်းကိုလည်းကောင်း၊ မြို့နယ်သူနာပြုအဆင့်(၁)က အာဟာရအကြောင်းသိကောင်းစရာများကိုလည်းကောင်းပြောကြားကာ ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးကို ကြက်ဥနှင့် အားဆေးများ၊ ကလေးသူငယ်များကို ဗီတာမင်အားဆေးများ တိုက်ကျွေးပေးကြကြောင်း သိရသည်။

(ဝ၉၈)

အစည်းအဝေးဖိတ်ကြားခြင်း

ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)၏ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၂၅-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - ဖူဆန်စားတော်ဆက်
ကမ္ဘာအေးဘုရားလမ်း

အလုပ်အမှုဆောင်အဖွဲ့
ဖုန်း-၀၁-၆၁၀၁၄၇၊ ၀၁-၆၁၀၁၈၁၊ ၀၁-၆၁၀၅၆၉၊ ၀၉-၈၆၀၀၁၇၉

ရောင်းမည်/ကားနှင့်လဲမည်

မြေတူးစက် KOMATSU PC-200-5
မြေထိုးစက် KOMATSU D-60-3
မြေထိုးစက် D-40
ဖုန်း-၀၉-၄၄၄၀၄၁၈၈၄၊ ၀၉-၃၂၀၅၅၉၂၉

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၄၇၇၃၊ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေ ၁၃/တကန(နိုင်)၁၂၆၀၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ယုဇနဈေးကုန်စုံ/ကုန်ခြောက် ရုံ-(က) ဆိုင်ခန်းအမှတ်(၄၉)အား ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ အမှတ် ၉/၄နေ ဒေါ်ခင်ရွှေဝင်း ၉/ပမန(နိုင်)၀၂၃၁၀၉ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်းရပ်ကွက်၊ (၂၄)လမ်းနေ ဒေါ်တင်နီလာကျော် ၉/ခအဇ(နိုင်)၀၁၆၅၈၆ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၇၄၃၃၊ Toyota Sprinter CE-100, S/L(4x2)R.H.D. ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မင်း ၁၂/လသန(နိုင်)၀၀၃၀၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ ပဥ္စမတန်း(က)မှ မနန်းချယ်ရီအား ယနေ့မှစ၍ မနန်းအိအိခင်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးဆိုင်ခန်းအမှတ်(တ-၂၆)အား ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်၊ ဥယျာဉ်ရပ်ကွက်နေ ဒေါ်ခင်စန်းဝင်း ၉/ပမန(နိုင်)၂၁၂၉၉၃ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်းတိုးချဲ့(၂)ရပ်ကွက်၊ ၁၉ လမ်းနေ ဒေါ်မြင့်မြင့်ရွှေ ၉/လဝန(နိုင်)၀၉၁၈၃၂သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မူဆယ်ခရိုင်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅

ကွယ်လွန်သူ ဦးစိုင်းချိုအေး၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်မြအေး **လျှောက်သူ**

(ဟ-၁/၇၄)၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နေ ဒေါ်မြအေးက ကွယ်လွန်သူဦးစိုင်းချိုအေး၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ (ဟ-၁/၇၄)၊ ဟိုမွန်ရပ်ကွက်နေ ၄င်းကွယ်လွန်သူ ဦးစိုင်းချိုအေးမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးစိုင်းချိုအေးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် စက်တင်ဘာ ၆ရက် (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၂ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်မြအေး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဩဂုတ် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းလွင်
ဒုတိယခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၂)၊ ဟံသာဝတီ ၂၂ လမ်း၊ အကျယ်အဝန်းအလျားပေ ၄၀×အနံပေ ၆၀ ရှိ မြေကွက်၏ မူလဂရန်အမည်ပေါက်မှာ ဦးကျော် AC-၀၃၄၈၈၆နှင့် ဒေါ်ခင်အေးမြင့် H/RGN-၀၀၈၁၄၉ တို့ဖြစ်ပြီး ၄င်းမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၄င်းလက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြောဆိုလျက် ဦးနေထွန်းစိုး ၇/ကတခ(နိုင်)၀၇၆၀၇၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပထမအရစ် စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ပြုလုပ် ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

အဆိုပါ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများ ရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝါဝါမေဝင်း (စဉ်-၁၈၃၁၇)
အထက်တန်းရှေ့နေ
Nice အိမ်ခြံမြေအကျိုးဆောင်၊ အမှတ်(၆၇၇)၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၀၀၉

ကာချင်မ မြစ်ကြီးနား သစ်မွှေးပျိုးပင်ရောင်းဝယ်ရေး

သစ်မွှေးပျိုးပင်ဆိုဒ်စုံ၊ သစ်မွှေးမျိုးစေ့၊ နံ့သာနီ၊ နံ့သာဖြူမျိုးစေ့များကို မှာယူရရှိနိုင်ပါသည်။ **တိုက် ၁၈၊ ဦးဖိုးလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊**
ဖုန်း-၀၉-၄၂၀၀၃၁၈၁၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် $\frac{၄၇-၃၉}{၁၉-B}$၊ ဧရိယာ ၀ဒသမ ၂၅၀၈က မြေပိုင်မြေပေါ်ရှိ အမှတ် ၆၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ဝင်းဝင်းတင့် ၁၂/လသန(နိုင်)၀၀၁၅၂၀က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းသူကောင်း **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃C⁹)၊ မြေကွက် အမှတ်(၅၁၈L)၊ ဧရိယာ ၀ဒသမ ၁၄၂၈က မြေအမျိုးအစား(ဂရန်ရှိမြေပိုင်မြေကွက်)(တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၃၂)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၇၁၅၂/၂၀၁၂)အရ ချုပ်ဆိုဝယ်ယူ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ အမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းအရ အမည်ပေါက်ပိုင်ရှင်များဖြစ်ပြီး တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများသည် ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေအနက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
